မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်နေ့ | ၂၀၂၃ ခုနှစ်၊ ဇွန် ၂ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၄၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၁

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ

မေလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၃၆ နှစ်အတွင်း အပူချိန် အနည်းဆုံးဖြစ်

နိုင်ငံတကာသတင်း စာ ၁၃

မိုခါမုန်တိုင်းဒဏ်သင့်ဒေသပြည်သူများအတွက် ရပ်ရှင်၊ ဂီတ၊ သဘင် ရန်ပုံငွေ ပဒေသာဖျော်ဖြေပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကြိုတင်ဇာတ်တိုက် လေ့ကျင့်လျက်ရှိ

ပြည်တွင်းသတင်း စာ ၁၇

အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်လမ်းစဉ် ပြည်သူအားလုံး ပြင်းပြင်းထန်ထန်ရှုတ်ချ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ယင်းသို့ပြန်လည်ဝင်ရောက်လာသူများအား လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသလို လက်နက်ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကိုလည်း ပါရှိလာသည့် လက်နက်ခဲယမ်းများအလိုက် ဆုကြေးငွေများ ထောက်ပံ့ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များမှတစ်ဆင့် အကြမ်းဖက်ဝါဒ၊ အကြမ်းဖက်အဖွဲ့အစည်း အုပ်စုများနှင့် အကြမ်းဖက်လုပ်ရပ်များသည် တော်လှန်ရေးဟူသော ခေါင်းစဉ်အောက်တွင် ပေါ်ပေါက်လာခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် အချိန်ကြာမြင့်လာသည်နှင့်အမျှ လက်နက်မဲ့၊ အပြစ်မဲ့ပြည်သူများကို လက်မရွံ့သတ်ဖြတ်မှုများက ပို၍ ပို၍ ထင်ရှားလာခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။" ဟူသော ရှေ့လုပ်ငန်းစဉ်၊ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟူသော ရှေ့လုပ်ငန်းစဉ်တို့ကို လုပ်ငန်းစဉ်(၅)ရပ်တွင် အတိအလင်း ထည့်သွင်းချမှတ်လျက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း "မိမိတို့အနေဖြင့်ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ ရွေးကောက်ခံအစိုးရထံသို့ နိုင်ငံ့တာဝန်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မဖြစ် ဖြစ်အောင် ဆောင်ရွက်သွားမည်ဟု အာမခံကြောင်း" ပြောကြားထားပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဦးစွာဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်အတွက် ကောင်းမွန်သည့်စိတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက မည်သူ့ကိုမဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကိုလည်း အသိပေးထားသည်။ စင်စစ်အားဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများနှင့်စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်မှုများ၊ ရင်ဆိုင်ဖြေရှင်းမှုများ ပြုခဲ့လျှင်၊ နိုင်ငံနှင့် ပြည်သူနစ်နာစေမည့် လမ်းကြောင်းကို မရွေးချယ်ခဲ့လျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာမည်မဟုတ်။ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်လည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေခြင်းသာဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံ၏အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်လာခြင်းဖြစ်ပြီး အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်မှာ ပြည်သူသာဖြစ်သည်။ နိုင်ငံတော်အာဏာသည် ပါတီပိုင်၊ အဖွဲ့အစည်းပိုင်၊ လူပုဂ္ဂိုလ်ပိုင် ပစ္စည်းတစ်ခုမဟုတ်သကဲ့သို့ အုပ်ချုပ်သူနှင့် ပြည်သူများအကြား ပဋိညာဉ်သဖွယ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရမြဲဖြစ်သည်။ ပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲ အစွဲအလမ်းများနှင့် အစွန်းရောက်စိတ်ဓာတ်များသည် ဒီမိုကရေစီ၏ အန္တရာယ်များပင်ဖြစ်ပြီး အကြမ်းဖက်လူသတ်ဝါဒမှာမူ ဒီမိုကရေစီနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းပင်ဖြစ်သည်။ အစွဲအလမ်းကြီးသူများ၊ အစွန်းရောက်ဝါဒီများနှင့် အကြမ်းဖက်သမားတို့အနေဖြင့် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားမပြုနိုင်သကဲ့သို့ ဒီမိုကရေစီ၏ အနှစ်သာရများဖြစ်သော လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ခွင့်တူညီမျှခြင်း တို့ကိုလည်း မည်သို့မျှဖော်ဆောင်နိုင်မည်မဟုတ်။ ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်လိုသော ပြည်သူများ၊ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသော ပြည်သူများ၊ မိမိတို့၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားမှုကို အလိုရှိသော ပြည်သူများအားလုံးက အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်လုပ်ရပ်တို့ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချကြမည်သာဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mr. J.M.J.P Bandara အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mr. J.M.J.P Bandara အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်ဝင်ဗီဇာ အပြန်အလှန်ကင်းလွတ်ခွင့်ပြုမှု အခြေအနေ၊ ၂၀၀၉ ခုနှစ်က ဆောင်ရွက်ခဲ့သည့် မြန်မာ - သီရိလင်္ကာ နှစ်နိုင်ငံအကြား အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ် (MoU) သက်တမ်း ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လူကုန်ကူးခံရမှုကြောင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် သီရိလင်္ကာနိုင်ငံသားများနှင့် ပတ်သက်၍ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ သီရိလင်္ကာနိုင်ငံသို့ ဘုရားဖူး သွားရောက်မည့် မြန်မာနိုင်ငံသားများအတွက် နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ဗီဇာလွယ်ကူ အဆင်ပြေစွာထုတ်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

Naypyitaw State Academy ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများစတင်ဖွင့်လှစ်

နေပြည်တော် ဇွန် ၁

Naypyitaw State Academy ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများအားလုံးကို ယနေ့တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက် ရှိသည်။ Naypyitaw State Academy ၏ အတန်းအသီးသီးသို့ ကျောင်းတက်ရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစေရေးအတွက် တက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများက လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးကြသည်။

Naypyitaw State Academy တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေး ပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာနှင့် ဥပဒေပညာ အထူးပြု ဘာသာရပ်များ၏ တတိယနှစ်နှင့် ပထမနှစ်ဂုဏ်ထူးတန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ Naypyitaw State Academy တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်း မိသားစုများ၏ သားသမီးများ (သို့မဟုတ်) နေပြည်တော် ရှစ်မြို့နယ် (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဇေယျာသီရိ၊ ဒက္ခိဏသီရိ မြို့နယ်များ)မှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

သတင်းစဉ်

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာလုပ်ငန်းသုံး ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်များ ဝယ်ယူရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် အရင်းအနှီးလိုအပ်ချက်ရှိသူ တောင်သူဦးကြီးများသို့ **စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ**များကို ၁ နှစ်လျှင် အတိုးနှုန်း ၅ % ဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး **ကျပ်သိန်း ၇၀၀**၊ တောင်သူအစုအဖွဲ့ (၁) ဖွဲ့အတွက် အများဆုံး **ကျပ်သိန်း ၅၀၀၀** အထိ ရယူထုတ်ချေးနိုင်ပြီး တောင်သူစိတ်ကြိုက် ဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို စက်ကိရိယာ အရောင်းပြခန်းကုမ္ပဏီများထဲတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်။ ချေးငွေပေးဆပ်ရာတွင် ထော်လာဂျီ၊ လက်တွန်းထွန်စက်ချေးငွေအတွက် ၃ နှစ် ၃ ရစ်၊ အဆိုပါစက်များမှအပ ကျန်စက်ကိရိယာများအတွက် ၅ နှစ် ၅ ရစ် ပေးဆပ်သည့်စနစ်ဖြစ်ပါသည်။

ချေးငွေရယူလိုသော တောင်သူဦးကြီးများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/ မြို့နယ်ဘဏ်ခွဲများနှင့်ဆက်သွယ်၍ ချေးငွေအတွက် တင်သွင်းရမည့်အာမခံနှင့် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို စုံစမ်းမေးမြန်းပြီး ချေးငွေလျှောက်ထားရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ချေးငွေနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ၏ လိပ်စာ၊ အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၈၃၉၀၂၃၅ သို့လည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုဗီနမ်(ခွန်ဘိုကာတာ)အားကစားနည်းတွင် ရွှေတံဆိပ်ဆုရရှိသည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခြင်းလုံးအားကစားနည်းမှ Same Stroke Event–2 အမျိုးသမီးအသင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

◆ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုနှစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အနေဖြင့် အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/ နည်းပြ ၁၀၄ ဦး၊ စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

ဘောလုံးပြိုင်ပွဲ၌ မိမိတို့အမျိုးသား၊ အမျိုးသမီးအသင်း နှစ်သင်းလုံးသည် အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ကြသည်မှာ ပြည်သူတစ်ရပ်လုံးအတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ပါကြောင်း၊ မြန်မာအမျိုးသမီးဘောလုံးအသင်းမှာ အုပ်စုအဆင့်၌ ပြိုင်ဘက်အသင်းကောင်းများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အကြိုဗိုလ်လုပွဲ၌ အာဆီယံတွင် အင်အားကြီး ထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိအနိုင်ရရှိကာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲကို ပြန်လည်တက်လှမ်းနိုင်ခဲ့သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများကို အတိုင်းအတာတစ်ခုအထိ ကျေနပ်မှုပေးစွမ်းနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့၏ ထူးခြားချက်အနေဖြင့် မြန်မာနိုင်ငံအနေနှင့် ၁၉၈၁ ခုနှစ်နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများကို ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲများ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်အများဆုံး ရယူပေးနိုင်ခဲ့သည့် ပြိုင်ပွဲဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

၃၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့

ယခုနှစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံက ပြိုင်ပွဲဝင်ကစားသမား အင်အား ၆၂၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် ပြိုင်ပွဲဝင်အင်အား ၈၀၀ ကျော်စီ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်အင်အား ၇၀၀ ကျော်၊ မလေးရှားနိုင်ငံအနေဖြင့် အင်အား ၆၀၀ ကျော်၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူနိုင်ငံတို့အနေဖြင့် အင်အား ၅၀၀ ကျော်စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားအင်အား ၃၄၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အလားတူ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မှုအနေဖြင့်လည်း အိမ်ရှင်နိုင်ငံက ထည့်သွင်းကျင်းပသည့် အားကစားနည်း ၃၆ နည်းတွင် အိမ်ရှင်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံနှစ်နိုင်ငံက အားကစားနည်းအားလုံး ရာနှုန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံများ အနေဖြင့်

စာမျက်နှာ ၄ သို့

○ **(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့၏ ထူးခြားချက်အနေဖြင့် မြန်မာနိုင်ငံအနေနှင့် ၁၉၈၁ ခုနှစ် နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများကို ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲများ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်အများဆုံး ရယူပေးနိုင်ခဲ့သည့် ပြိုင်ပွဲဖြစ်သည်ကို တွေ့ရှိရမည်**

စာမျက်နှာ ၃ မှ
အားကစားနည်း ၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် အားကစားနည်း ပါဝင်ယှဉ်ပြိုင်မှုရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အားကစားသမား ပါဝင်ယှဉ်ပြိုင်မှု အချိုးအစားကို တွက်ကြည့်ရင်လည်း အာဆီယံနိုင်ငံ အားလုံးက ပါဝင်ယှဉ်ပြိုင်သူအင်အား၏ ၅ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါကြောင်း။

အောင်မြင်မှုရာခိုင်နှုန်း အမြင့်မားဆုံးပြိုင်ပွဲ

ထို့ပြင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ မိမိနိုင်ငံ ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားဦးရေနှင့်ဆုတံဆိပ်ရရှိမှုရာခိုင်နှုန်း တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှုရာခိုင်နှုန်းသည် (၂၇) ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၈ ရာခိုင်နှုန်း၊ (၂၈) ကြိမ်မြောက်ပြိုင်ပွဲ၌ ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ (၂၉) ကြိမ်မြောက်ပြိုင်ပွဲ၌ ၉ ဒသမ ၆၈ ရာခိုင်နှုန်း၊ အကြိမ် (၃၀)မြောက်ပြိုင်ပွဲ၌ ၇ ဒသမ ၆၆ ရာခိုင်နှုန်း၊ (၃၁) ကြိမ်မြောက် ပြိုင်ပွဲ၌ ၂၁ ဒသမ ၅၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပြီး ယခု (၃၂) ကြိမ်မြောက်ပြိုင်ပွဲ၌ ၃၃ ဒသမ ၄၃ ရာခိုင်နှုန်းအထိ ရရှိခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်း အမြင့်မားဆုံး ပြိုင်ပွဲဖြစ်သည်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရခြင်းအတွက် ဝမ်းသာဂုဏ်ယူမိသကဲ့သို့ မြန်မာနိုင်ငံသားအားလုံးက လိုလားတောင့်တနေသည့် ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုရရှိရေးကိုလည်း အမျိုးသားရေးအဖြစ် ဦးတည်ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ အရှိန်အဝါကြီးခဲ့သော အစဉ်အလာရှိခဲ့သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များလွှမ်းနိုင်အောင် ကြိုးပမ်းကြရန် အားကစားသမားများနှင့် အဖွဲ့ချုပ်များကိုပါ တိုက်တွန်းလိုပါကြောင်း။

ထိုက်ထိုက်တန်တန်ဂုဏ်ပြု

နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင်စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့် အတွက် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစား မောင်မယ်များအား ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီ ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း အရေအတွက်ရော အားကစားသမား အရေအတွက်ပါ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေးနှင့် ယခုထက် ပိုမိုအောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားကြရန် ဝန်ကြီးဌာနနှင့်အားကစားအဖွဲ့ချုပ်များကို ကြိုတင်အသိပေး မှာကြားလိုပါကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကို မှတ်ကျောက်တင်ရာ အားကစားပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်းကို တိုင်းတာသည့် အားကစားပြိုင်ပွဲကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း အားကစား မောင်မယ်များအနေဖြင့် နောင်လာမည့် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင်လည်း ဆက်လက်အောင်မြင်မှုရရှိစေရေး မလျော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ယခုထက် ပိုမို အားထုတ်ကြိုးပမ်းသွားကြရန် ထပ်မံပြီး အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

ဆက်လက်ကြိုးပမ်းအားထုတ်

နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းမှာကြား လိုပါကြောင်း ပြောကြားသည်။

ယင်းနောက်အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က *စာမျက်နှာ ၅ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗိုဗီနမ်(ခွန်ဘိုကာတာ)အားကစားနည်းတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မနီလာစိုးဦး အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သူများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သူများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သူများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သူအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၄ မှ

ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ မောင်အိုက်စိုးလင်း၊ မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင်၊ မောင်မနားကွီးနှင့် မောင်တင်ထူးဇော်၊ မောင်အောင်ခိုင်လင်း၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မောင်ရာဇာထွန်း၊ ဗိုဗီနမ် (ခွန်ဘိုကာတာ) ကစားနည်းမှ မောင်ပိုင်ဇေယျာဖြိုး၊ မောင်အံ့ဘွယ်ငြိမ်း၊ မနီလာစိုးဦး၊ ဗိုဗီနမ်(အားနစ်) ကစားနည်းမှ မောင်စည်သူမောင်၊ မောင်ဇော်သက်၊ မောင်ရဲဇော်မိုး၊ မောင်မျိုးထွန်းအံ့၊ ခြင်းလုံးအားကစားနည်းမှ Same Stroke Event–2 အမျိုးသမီးအသင်း၊ Linking (Preliminary) Event–3 အမျိုးသား၊ အမျိုးသမီးအသင်း၊ Non Repetition Secondary Event–4 အမျိုးသားအသင်း၊Non Repetition Secondary Event–4 အမျိုးသမီးအသင်း၊ ပိုက်ကျော်ခြင်း အားကစားနည်း၊ ကွင်းသွင်းကစားနည်းမှ အမျိုးသားအသင်း၊ ကွင်းသွင်းခြင်းကစားနည်းမှ အမျိုးသမီးအသင်း၊ ဘိလိယက်/စနူကာ အားကစားနည်းမှ ဦးပေါက်စ၊ မောင်မောင် (ခ) ဘုန်းမြင့်ကျော်(ကိုယ်စား) အားကစားသမားတစ်ဦး၊ မောင်သော်ဇင်ထက်၊ ဝူရှူးအားကစားနည်းမှ မစန္ဒီဦး၊ ရိုးရာလေ့ အသက် (၂၄)နှစ်အောက် အမျိုးသား ငါးယောက်လှော် မီတာ ၂၅၀ အားကစားအသင်း၊ တိုက်ကွမ်ဒို အားကစားနည်းမှ မောင်ကျော်မင်းနိုင်၊ အလေးမ အားကစားနည်းမှ မဇင်မေဦး၊ ပီတန်း အားကစားနည်းမှ မခင်ချယ်ရီသက်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူးဆုအဖြစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကိုလည်းကောင်း၊ အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သူအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သူများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ်အားကစားနည်းမှ မောင်တင်ထူးဇော်၊ မအိန္ဒြေဖူး၊ မနှင်းသက်ဝေ၊ ဗိုဗီနမ် (ခွန်ဘိုကာတာ)အားကစားနည်းမှ မနီလာစိုးဦး၊ မသိင်္ဂီဝင်းကျော်၊ ဗိုဗီနမ်(အားနစ်)အားကစားနည်းမှ မမိုးမိုးအေး၊ ပိုက်ကျော်ခြင်း အားကစားနည်း နှစ်ယောက်တွဲပြိုင်ပွဲ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက ခြင်းလုံးအားကစားနည်း၊ ရိုးရာလှေ၊ ဝူရှူးအားကစားနည်း၊ ခွန်ခမာ အားကစားနည်း၊ ဂျူဒိုအားကစားနည်း၊ ဘောလုံးအားကစားနည်း၊ ကြက်တောင်၊ ဗိုဗီနမ်အားကစားနည်း၊ ဘိလိယက်/စနူကာ၊ တိုက်ကွမ်ဒိုအားကစားနည်း၊ အလေးမအားကစားနည်း၊ လက်ဝှေ့အားကစားနည်း၊ စစ်တုရင်အားကစားနည်း၊ ပြေးခုန်ပြစ် အားကစားနည်း၊ ခရစ်ကတ်အားကစားနည်း၊ E Sports အားကစားနည်းတို့ တွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကား ပြန်လည်ပြောကြား

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရအားကစားသမားများကိုယ်စား ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခုရရှိသော ဝူရှူးအားကစားသမား မစန္ဒီဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်း ၁၉ နည်းမှ ဗိုဗီနမ်၊ ဗိုဗီနမ် (ခွန်ဘိုကာတာ)၊ ဗိုဗီနမ် (အားနစ်)၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့် စနူကာ၊ ပီတန်း၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ရိုးရာလှေ၊ အလေးမ အားကစားနည်း ရှစ်နည်း၌ ရွှေတံဆိပ် ၂၁ ခု ရရှိခဲ့ကြောင်း၊ ကျန်အားကစား ၁၁ နည်းအနက် ဘော်လီဘောနှင့် တင်းနစ်အားကစားနည်းများမှလွဲပြီး ကျန်အားကစားနည်း ကိုးနည်းမှာ ငွေတံဆိပ် ၂၅ ခု နှင့် ကြေးတံဆိပ် ၆၈ ခုရရှိခဲ့ကြောင်း၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများ၌ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် နောက်ဆုံး ဗိုလ်လုပွဲအဆင့်အထိ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားခဲ့ကြကြောင်း၊ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး အမျိုးသားဘောလုံးအသင်းအနေဖြင့်လည်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် တာဝန်ရှိသူများက မကြာခဏ ကြည့်ရှုအားပေးခဲ့သကဲ့သို့ ယခုအခါတွင်လည်း ဆုတံဆိပ်ရရှိခဲ့ကြသူများကို ထိုက်တန်စွာဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ရာ တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသား တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ် ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများအား မိမိတို့ အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီ ပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ်စုစုပေါင်း ၃၃၃၃ သန်းနှင့် အမေရိကန် ဒေါ်လာ ၇ သောင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခုရရှိသော ဝူရှူးအားကစားသမား မစန္ဒီဦး ကျေးဇူးတင်စကား ပြောကြားစဉ်။

❖ နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်

နိုင်ငံတော်အစိုးရအနေဖြင့် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများကို ပုံမှန်ကျောင်းဖွင့်ချိန်အမီ ဖွင့်လှစ်နိုင်ရန် ပြုပြင်ရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ပေးခဲ့

စစ်တွေ ဇွန် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့အတွင်းရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(**ယာပုံ**)နှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးသည့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ခဲတံ၊ ဘောပင်များရရှိမှု၊ စာသင်ဆောင်၊ စာသင်ခန်း၊ စားပွဲ၊ ကုလားထိုင်နှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိ/မရှိ အခြေအနေ၊ ဆရာနှင့်ကျောင်းသား အချိုးမျှတမှု ရှိ/ မရှိ အခြေအနေနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျောင်းကျန်းမာရေး လှုပ်ရှားဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှုမေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်တော်သာရပ်ကွက်ရှိ အမှတ်(၁၅) အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် ကျောင်းတက်လမ်းရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတို့သို့ သွားရောက်ပြီး စာသင်ခန်းများအတွင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ စာသင်ဆောင်၊ စာသင်ခန်းများ၏ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သန့်ရှင်းသပ်ရပ်မှု အခြေအနေများကို ကြည့်ရှုကာ (KG)တန်း၌ တက်ရောက်နေသည့်ကျောင်းသားကလေးငယ်များကို ကျောပိုးအိတ်များ(**အောက်ပုံ**)နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် စစ်တွေတပ်နယ်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ကျောင်းအပ်လက်ခံနေမှု၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှု၊ ပညာသင်ကြားသင်ယူမှုနှင့် သင်ကြားရေးအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အတန်းငယ် ကလေးများအတွက် ကျောပိုးအိတ်များကို ထောက်ပံ့ပေးအပ်၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါကျောင်းများသို့ရောက်ရှိစဉ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော်အစိုးရအနေဖြင့် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများကို ပုံမှန်ကျောင်းဖွင့်ချိန်အမီ ဖွင့်လှစ်နိုင်ရန် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး စာသင်ကျောင်းများ၌ အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားစေလိုကြောင်း၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေး၊ စာသင်ဆောင်၊ စာသင်ခန်းနှင့် ကျောင်းအတွင်း အပြင် သန့်ရှင်းသာယာရေးအတွက်လည်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် လိုအပ်သည်များကိုလည်း ဆက်လက်ဖြည့်ဆည်းထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော် မြတ်ကြီးသို့ ရောက်ရှိပြီး စစ်တွေမြို့နယ် သံဃနာယကအဖွဲ့က ဦးဆောင်ကျင်းပသည့် အကြိမ်(၃၀)မြောက် နိကာယ်စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ပြည်နယ်သြဝါဒါစရိယ နန္ဒာရာမကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသော စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စာဖြေသံဃာတော် ၄၅၃ ပါးအား အချိုရည်များ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပြီး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ရေးနှင့် လုပ်ငန်းများ လျင်လျင်မြန်မြန် ပြီးစီးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ဒေသများသို့ ကွင်းဆင်း၍ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် ဆေးကုသမှုလုပ်ငန်းများကို မေ ၂၁ ရက်မှ မေ ၃၀ ရက်အထိ ဆောင်ရွက်ခဲ့ရာ ကျောက်တော်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ပေါက်တော၊ မြေပုံ၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၄ ရွာနှင့် တပ်ရင်းတပ်ဖွဲ့ ၆ ခုမှ ကျွဲ၊ နွား ၃၁၅၈ ကောင်ကို လည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်း၊ ဝက်အကောင် ၆၀ ကို ဝက်ပလိပ်ရောဂါနှင့် ဝက်ဝမ်းကျရောဂါ ကာကွယ်ဆေးများထိုးနှံခြင်း၊ ထိခိုက်ဒဏ်ရာနှင့် နာမကျန်းဖြစ်ပွားသည့် ကျွဲ၊ နွား ၃၂၇ ကောင်၊ ဝက် ၆၇ ကောင်နှင့် ဆိတ် ၁၀ ကောင်တို့ကို ဆေးကုသမှုပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တောနှင့် *စာမျက်နှာ ၇ သို့*

နည်းပညာတက္ကသိုလ် (စစ်တွေ)၌ သင်တန်းများ စတင်ဖွင့်လှစ်စဉ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။

ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) ၌ သင်တန်းများ စတင်ဖွင့်လှစ်စဉ်။

အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)၌ သင်တန်းများ စတင်ဖွင့်လှစ်စဉ်။

စာမျက်နှာ ၆ မှ

ရသေ့တောင် မြို့နယ်တို့သို့ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ၁၃ မျိုးပါ တိရစ္ဆာန်ရောဂါ ကုသဆေးများ ထောက်ပံ့ပေးခြင်းနှင့် ရသေ့တောင်မြို့နယ် ခနောင်ကြီးကျေးရွာ၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်ရှိ အခြေခံပညာကျောင်းများအားလုံး ယနေ့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ခဲ့ကြောင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အောက်ရှိ နည်းပညာတက္ကသိုလ် (စစ်တွေ)၌ ပထမနှစ်မှ ပဉ္စမနှစ်အထိ သင်တန်းများ၊ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)၌ ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းများ၊ အစိုးရ နည်းပညာအထက်တန်းကျောင်း (စစ်တွေ) ၌ ပထမနှစ် (စက်မှု၊ စိုက်ပျိုး၊ မွေးမြူ) ပူးပေါင်းဖွင့်လှစ်သော သင်တန်း၊ ဒုတိယနှစ် (ပုံမှန်) သင်တန်းများနှင့် ပညာရေးဝန်ကြီးဌာန အောက်ရှိ စစ်တွေတက္ကသိုလ်၌ ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းများကို စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမှန်တရားနှင့်တရားမျှတသောအမျိုးသားပါတီ (MNTJP/MNDAA)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA/AA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ် ခိုင်မာစေရေးကိစ္စ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ယုံကြည်မှု တည်ဆောက်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးပြီး ဖမ်းဆီးထားသူများ ပြန်လည်လွတ်မြောက်ရေးကိစ္စ၊ မတရားအသင်းမှ ပယ်ဖျက်ရေးကိစ္စနှင့် မိုခါ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အမြန်ဆုံးအဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးကိစ္စများကိုလည်း နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားခဲ့ကြသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဇွန် ၂ ရက်တွင် ဆက်လက် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေသုတေသနအဖွဲ့၏ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁

ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေသုတေသနအဖွဲ့၏ စာတမ်းဖတ်ပွဲအခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေသုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် မဟာဗျူဟာစီမံကိန်းပါ ဥပဒေသုတေသနလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယခင်က ဥပဒေသုတေသနအဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့ရာမှ ဥပဒေသုတေသနဌာနစိတ်အဖြစ် ဖွဲ့စည်းခဲ့ပြီး ယခုအခါ ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်သည့် ဥပဒေသုတေသနဌာနခွဲအဖြစ် ပြောင်းလဲဖွဲ့စည်းထားကြောင်း၊ ဥပဒေသုတေသနအဖွဲ့တွင် ဦးဆောင်ကော်မတီ ၁၄ ဦး ပါဝင်ပြီး သုတေသနအဖွဲ့ဝင် ၇၁ ဦး၊ လုပ်ငန်းအဖွဲ့ငယ် ၆ ခုဖြင့် ဖွဲ့စည်း၍ ဥပဒေသုတေသနလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ရေးသားပြုစုထားသည့် စာတမ်းများမှာ လုပ်ငန်းအဖွဲ့(၁)မှ "ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများနှင့် စပ်လျဉ်း၍ ခေတ်ကာလနှင့်အညီ လေ့လာတင်ပြခြင်း"၊ လုပ်ငန်းအဖွဲ့ (၂) မှ "ဥပဒေရုံးများ စစ်ဆေးခြင်း (၁၉၉၀) ကို ခေတ်ကာလနှင့်အညီ ပြင်ဆင်ရေး"၊ လုပ်ငန်းအဖွဲ့(၃) မှ "မြန်မာနိုင်ငံတွင် ပုဂ္ဂလိကအပြည်ပြည်ဆိုင်ရာ ဥပဒေကျင့်သုံးမှုအပေါ် လေ့လာတင်ပြခြင်း"၊ လုပ်ငန်းအဖွဲ့(၄) မှ " စင်ကာပူ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ကျင့်သုံးလျက်ရှိသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဥပဒေများကို လေ့လာတင်ပြခြင်း"၊ လုပ်ငန်းအဖွဲ့(၅) မှ "Comparative Study of Prosecution Systems between Singapore and Myanmar"၊ လုပ်ငန်းအဖွဲ့(၆) မှ " အီလက်ထရောနစ်နည်းဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ခြင်းတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကာကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဥပဒေရှုထောင့်မှ လေ့လာတင်ပြခြင်း" တို့ကို ရေးသားခဲ့ပါကြောင်း၊ ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲအခမ်းအနားကို တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေချုပ်ရုံးများရှိ အရာထမ်းများအား တက်ရောက်စေသည့် ရည်ရွယ်ချက်မှာ ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်၊ ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်းများအား ဥပဒေအသိပညာများ တိုးတက်စေရန်၊ စာတမ်းဖတ်ပွဲ အတွေ့အကြုံများ ရရှိစေရန်၊ အချင်းချင်းဥပဒေအသိပညာများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်းဖြင့် လုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်စေရန်ဖြစ်ပါကြောင်း၊ တက်ရောက်လာသူများကလည်း စိတ်ပါဝင်စားစွာနားထောင်ပြီး မိမိတို့အတွေ့အကြုံ၊ အမြင်များဖြင့် သုံးသပ်ပြီး တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း၊ ယခုစာတမ်းဖတ်ပွဲမှတစ်ဆင့် ဥပဒေအသိပညာများကို အချင်းချင်းအပြန်အလှန် ဆွေးနွေးဖလှယ်ကြပြီး ရရှိလာသည့် အသိပညာဗဟုသုတများဖြင့် မိမိဌာန၏အကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

စာတမ်းဖတ်ပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေသုတေသနလုပ်ငန်းအဖွဲ့ (၁) က "ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများနှင့် စပ်လျဉ်း၍ ခေတ်ကာလနှင့်အညီ လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လုပ်ငန်းအဖွဲ့ (၂) က "ဥပဒေရုံးများစစ်ဆေးခြင်း (၁၉၉၀) ကို ခေတ်ကာလနှင့်အညီ ပြင်ဆင်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများမှ အရာထမ်းများကလည်း Online မှတစ်ဆင့် တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့်အကူအညီပစ္စည်းများ စတုတ္ထအသုတ်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၁

မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများထံသို့ အာဆီယံနိုင်ငံများမှ ပေးပို့သည့် အကူအညီပစ္စည်းများ သယ်ဆောင်လာသည့် မလေးရှား လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ယနေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။ **(ယာပုံ)**

ယနေ့ ရောက်ရှိလာသည့် လေယာဉ်သည် အာဆီယံနိုင်ငံများမှ ပေးပို့သည့် စတုတ္ထအသုတ်ဖြစ်ပြီး အကူအညီပစ္စည်းများကို သဘာဝဘေးဆိုင်ရာ လူသားချင်းစာနာမှု အကူအညီများအတွက် အာဆီယံညှိနှိုင်းရေးဌာန (AHA Centre) တာဝန်ရှိသူတစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြပြီး မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပို့ဆောင်နိုင်ရေး လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်သည်။

စတုတ္ထအသုတ်အဖြစ် ယနေ့ရောက်ရှိလာသည့် ထောက်ပံ့ကူညီရေးပစ္စည်းများမှာ Shetter Tool Kit အခု ၄၅၀၊ Family Tent ဖာ ၂၀၊ Water Filteration System တစ်ဖာ၊ Water Filtera-tion System (Pump) နှစ်ဖာ၊ တာပေါ်လင်စ ၂၆၂ ခု ပါဝင်ပြီး စုစုပေါင်း ၁၁ ထုပ် ကုန်တန်ချိန် ၁၉ တန်ကျော်ရှိကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၂၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ပေးအပ်လှူဒါန်း ထောက်ပံ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ အနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများ ပံ့ပိုးရာတွင် ဘေးသင့်ပြည်သူ

တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဝန်ကြီးဌာနအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး AHA Centre သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အပြည့်အဝ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ မြို့မဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လေဆိပ်၌ ထောက်ပံ့ပစ္စည်းများအား သယ်ယူပို့ဆောင်ပေးပြီး လမ်းဘေးဘယ်/ညာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့နယ်သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒုံးပိုက်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောမြို့ ဟိန္ဒူကယ်ဆယ်ရေးကျေးရွာ၌ လေဘေးသင့်ပြည်သူများကို သောက်သုံးရေများ ဖြန့်ဝေပေးခြင်း**(အပေါ်ပုံ)**နှင့် အောင်ဗလကျေးရွာအုပ်စု၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ ဂုံးချိန်ကျေးရွာအုပ်စု၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လမ်းဘေး ဘယ်/ညာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဒပြုချောင်းကျေးရွာအုပ်စု၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် တောင်ရင်းတန်းရပ်ကွက်နှင့် အရှေ့တောင်ရပ်ကွက်တို့ရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် နဒင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းတော်ကြီးကျောင်းရှိ ရွာသစ်ကေကျေးရွာအတွင်းရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၁

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီ ဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများလိုက်ပါပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ဆက်သွယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါတပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်းနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချ

နေပြည်တော် ဇွန် ၁

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချို ပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်း ဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မကွေးပညာရေးဒီဂရီကောလိပ်၌ ကျောင်းသား ကျောင်းသူ ၇၄၅ ဦး တက်ရောက်သင်ကြားလျက်ရှိ

မကွေး ဇွန် ၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များကို ဇွန် ၁ ရက်မှ စတင်၍ ဖွင့်လှစ်လျက်ရှိရာ ဆရာအတတ်ပညာဦးစီးဌာန မကွေးပညာရေးဒီဂရီကောလိပ်ကို ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားရာတွင် မကွေးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ပညာဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ မကွေးပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အနေဖြင့် ပုံမှန်လေးနှစ် သင်တန်းများဖြစ်သည့် ဒုတိယနှစ် (ဒုတိယနှစ်ဝက်) ကျောင်းသား ကျောင်းသူ ၇၉ ဦး၊ ဒုတိယနှစ် (ပထမနှစ်ဝက်) ကျောင်းသား ကျောင်းသူ ၃၅၂ ဦး၊ ပထမနှစ်(ဒုတိယနှစ်ဝက်) ကျောင်းသား ကျောင်းသူ ၃၁၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၄၅ ဦးနှင့် PPT (9/2023) သင်တန်းတွင် ဆရာ ဆရာမ ၅၀၀ တို့အား ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှု အခြေအနေ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ အနေဖြင့် ကောင်းမွန်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ရှိကြမည်ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် နှစ်စကတည်းက ပညာကိုကြိုးစားသင်ယူကြစေလိုကြောင်း၊ ကျန်းမာရေးကောင်းမှ ပညာကို ရယူနိုင်မည်ဖြစ်ရာ မိမိတို့၏ တစ်ကိုယ်ရေ ကျန်းမာရေးကောင်းမွန်ရန် အထူး ဂရုစိုက်ကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို ပညာတတ်၊ လူတော်လူကောင်းများ ဖြစ်အောင် ဆရာ ဆရာမများ အားလုံး ဝိုင်းဝန်းလက်တွဲ၍ ညီညီညွတ်ညွတ် ပြုစုပျိုးထောင် သင်ကြားပေးကြရန်လိုကြောင်း၊ သင်ကြားရာတွင်လည်း မည်သည့် ခွဲခြားမှုမျိုးမှမရှိစေဘဲ စေတနာ အပြည့်ဖြင့် အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးကြစေလိုကြောင်း၊ စာတတ်အောင်သင်ကြားရုံသာမက မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ရှိအောင်၊ ယဉ်ကျေး လိမ္မာအောင်လည်း သင်ကြားပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည်အဖွဲ့ဝင်များနှင့်အတူ ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၀) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြား နေမှုများကို ကြည့်ရှုကာ စာသင်ကျောင်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃ - ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြား

နေပြည်တော် ဇွန် ၁

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းများကို ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်၍ သက်ဆိုင်ရာအတန်းအလိုက်သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း စုစုပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်း စုစုပေါင်း ၁၄ ကျောင်းတို့ ပြန်လည်ဖွင့်လှစ်ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း၂၁၇၀၄၂ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

အေးချမ်းစွာတက်ရောက်

နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ အေးချမ်းစွာတက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၂၉၃၃၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ အခမဲ့ထုတ်ပေးပြီး ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို အခမဲ့ ပေးအပ်လျက်ရှိကြောင်း သိရှိရသည်။

ကြိုတင်ပြင်ဆင်ဆောင်ရွက်

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျစီမံထားခြင်း၊ ကျောင်းကြို/ပို့ ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေး စသည့်ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြသည်။

ပုဗ္ဗသီရိမြို့နယ် အထက (၃) ၌ ကျောင်းသား ကျောင်းသူများ တန်းစီနေစဉ်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူ့လူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျော်ဖုံးမှ*

ထိုသို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ကိုဗစ် - ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားခြင်း၊ ကျောင်းများဥပမိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းကြို/ပို့ ယာဉ်များ စီစဉ်ထားခြင်းတို့ဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြသည်။

ကျောင်းအပ်ချိန်တွင် အခြေခံကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံရာ၌ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့် အခကြေးငွေမှ ကောက်ခံခြင်းမရှိသည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ယခု ပညာသင်နှစ်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း စုစုပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၁၄ ကျောင်း ဖွင့်လှစ်ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၇၀၄၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့အတူ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမ၊ ကျောင်းသားမိဘများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကလည်း ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

ဝေါမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိ

ဝေါ ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်သည့် ယနေ့ နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ဝေါမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၁၅ ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(တွဲ) တစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ၁၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၂၄ ကျောင်း၊ မူလတန်းလွန် ၆၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (ခွဲ) နှစ်ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကိုးကျောင်း၊ ပုဂ္ဂလိကကျောင်း တစ်ကျောင်းတို့တွင် မူလတန်းကျောင်းသား ကျောင်းသူ ၂၅၀၂၃ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၈၆၀၈ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၂၅၁၅ ဦး ကျောင်းအပ်နှံသင်ကြားခဲ့ပြီး နှစ်တိုးကျောင်းသား ကျောင်းသူ ၁၅၆ ဦးကိုလည်း ကျောင်းအပ်လက်ခံကာ ရာခိုင်နှုန်းအားဖြင့် ၁၀၃ ဒသမ ၁၀ ကျောင်းတက်ရောက်ကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စတင်တက်ရောက်မှု ဓာတ်ပုံမြင်ကွင်း

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ပြီဖြစ်ရာ မြို့နယ်အသီးသီးရှိ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနေမှု မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်လာစဉ်။ (ပေါက်တောမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၈၆ ကျောင်းကို ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၄၂၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။) **ဝင်းမင်းစိုး(ပြန်/ဆက်)**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစဉ်။

မြို့နယ် (ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အထက(၁) ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းတက်လာစဉ်။ (လက်ပံတန်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၂၀၇ ကျောင်း ဖွင့်လှစ်သင်ကြား လျက်ရှိပြီး မေ ၃၁ ရက်အထိ ကျောင်းအပ်နှံပြီးစီးသူ ၂၆၂၈၇ ဦး ရှိသည်။ **မြို့နယ် (ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်လာစဉ်။ (ရွှေတောင်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၈၀ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၁၆၇၂၆ ဦး တက်ရောက်လျက်ရှိသည်။) **ကိုကိုမင်း (ပြန်/ဆက်)**

ကချင်ပြည်နယ် ချီဖွေမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်လာစဉ်။ (ချီဖွေမြို့နယ်တွင် အခြေခံပညာကျောင်း ၇၃ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၃၆၅၁ ဦး ပညာသင်ကြားလျက်ရှိသည်။) **ယော်ကီ (ပြန်/ဆက်)**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားစဉ်။ (ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၄၄၉ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၃ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀၈၆၀ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။) **ဘားအံ (ပြန်/ဆက်)**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားစဉ်။ (ဟိုပုံးမြို့နယ် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၇၆၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။) **ပအိုဝ်းဒေသ(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး ကံမမြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်စဉ်။ (အခြေခံပညာကျောင်း ၁၂၈ ကျောင်း ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၃၅၈ ဦး ပညာသင်ကြားလျက်ရှိသည်။) **ကျော်ဇေယျဝင်း(ကံမ)**

ကချင်ပြည်နယ် တနိုင်းမြို့၌ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ (တနိုင်းမြို့နယ်အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၈၇၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ **ပိုင်ထွန်း(တနိုင်း)**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျောင်းတက်လာစဉ်။

ရဲကိုမောင် (ပြန်/ဆက်)

အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စတင်တက်ရောက်မှု ဓာတ်ပုံမြင်ကွင်း

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ပြီဖြစ်ရာ မြို့နယ်အသီးသီးရှိ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနေမှု မြင်ကွင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ကျောင်းသား ကျောင်းသူလေးများ။ (ဥတ္တရသီရိမြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)၊ မူလတန်း(လွန်)ကျောင်းနှင့် မူလတန်းကျောင်း စုစုပေါင်း ၄၈ ကျောင်း ဖွင့်လှစ်လျက်ရှိသည်။) အောင်မျိုးဝင်း (ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ ကျောင်းသား ကျောင်းသူများ။ (ဇေယျာသီရိမြို့နယ်မှ အခြေခံပညာကျောင်း ၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း သုံးကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၈၇၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။) ထွန်းလင်း (ဇေယျာမြေ)

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ ကျောင်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများ။ (ပုဗ္ဗသီရိမြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ ငါးကျောင်း အပါအဝင် စုစုပေါင်း ၅၉ ကျောင်း ဖွင့်လှစ်လျက်ရှိသည်။) လှိုင်မြင့်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ကျောင်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများ။ (မိုးမိတ်မြို့နယ်၌ ယခုနှစ်တွင် ဖွင့်လှစ်နိုင်သောကျောင်း ၆၇ ကျောင်းနှင့် နယ်မြေအခြေအနေအရ မဖွင့်လှစ်နိုင်သောကျောင်း ၃၄ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၁၂၁ ဦး ကျောင်းအပ်နှံ၍ တက်ရောက်လျက်ရှိကြောင်း သိရသည်။) စည်သူဌေး (ပြန်/ဆက်)

တနင်္သာရီမြို့နယ်၌ ကျောင်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ (တနင်္သာရီမြို့နယ်မှ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၂၂၇ ဦး ကျောင်းအပ်နှံ တက်ရောက်လျက်ရှိသည်။) နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ (ကသာမြို့နယ်၌ အထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ကိုးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း နှစ်ကျောင်း အပါအဝင် စုစုပေါင်း ၅၄ ကျောင်း ဖွင့်လှစ်လျက်ရှိသည်။) ကျော်စွာ(ကသာ)

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ကျောင်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများ။ (မင်းလှမြို့နယ်၌ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းပေါင်း ၁၅၅ ကျောင်း၊ ကိုယ်ပိုင်ကျောင်း တစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၁၉၈၉၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။) ပေါက်စ(မင်းလှ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့၌ ကျောင်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများ။ (မဘိမ်းမြို့နယ်၌ အခြေခံပညာကျောင်း ရှစ်ကျောင်း စတင်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူ ၁၁၈၁ ဦး ပညာသင်ကြားလျက်ရှိသည်။) မျိုးမင်း(မဘိမ်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ စာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများ။ (မိုင်းခတ်မြို့နယ်မှ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၁၈၁၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။) နန်းနွယ်နီ(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်မှ မူလတန်း ကျောင်းသား ကျောင်းသူလေးများ။ (ပခုက္ကူမြို့နယ်အတွင်းရှိ ကျောင်းများတွင် မူလတန်း ၁၃၅၆၉ ဦး၊ အလယ်တန်း ၃၆၅၄ ဦး၊ အထက်တန်း ၁၅၇၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၈၇၉၄ ဦး တက်ရောက် ပညာသင်ကြား လျက်ရှိသည်။) ခရိုင်(ပြန်/ဆက်)

အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

နေပြည်တော် ဇွန် ၁

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းရန်အတွက် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ စုဖွဲ့ပြင်ဆင်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။ **(ယာပုံ)**

အဆိုပါ လှူဒါန်းပစ္စည်းများအား တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်သို့ ပို့ဆောင်ပြီး ၎င်းမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆက်လက်ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ လှူဒါန်းသည့် အပင်မျိုးစုံ ၄၉၁၇၆ ပင်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို ဟိုင်းကြီးကျွန်းမြို့ ကမ်းထိုးရပ်မှ စစ်ရေယာဉ်ဖြင့် သယ်ဆောင်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ လေဘေးသင့်ဒေသများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆရာ ဆရာမများရဲ့ ပီတိ၊ ကျောင်းသား ကျောင်းသူများရဲ့ အပြုံး

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာဦးစီးဌာနအောက်မှ အခြေခံပညာကျောင်းများကို ယနေ့ စတင်ဖွင့်လှစ်ရာ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အတန်းအလိုက် ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းများတွင် အတန်းအလိုက် ပညာသင်ယူကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပညာသင်ကြားပေးမည့် ဆရာ ဆရာမများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

ဦးဝင်းမြင့်ဦး

ဒေါ်သီသီဆွေ

မောင်သီဟအောင်

မချိုးမြတ်စန္ဒီ

မဇင်နှင်းအေး

ဦးသိန်းထွန်း

ဦးဝင်းမြင့်ဦး
ကျောင်းအုပ်ကြီး၊ အမှတ်(၅)
အခြေခံပညာအထက်တန်းကျောင်း၊
ဇမ္ဗူသီရိမြို့နယ်

ကျွန်တော်တို့ ကျောင်းမှာ ကျောင်းသားဦးရေ ၂၇၇၃ ဦးရှိပါတယ်။ အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ ကျောင်းသားတွေ စနစ်တကျ သပ်သပ်ရပ်ရပ် ပညာသင်ကြားနိုင်အောင် ကျွန်တော်တို့ ကျောင်းဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်တာ၊ စာသင်ခန်းအတွင်း စာသင်ခုံတွေ စီစဉ်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ အရင်လို ကြပ်မတ်နေတာမျိုး မဟုတ်ပေမယ့် ကာကွယ်ရေးအစီအမံကတော့ ကျောင်းသား ကျောင်းသူတွေအတွက် ဆောင်ရွက်ထားရပါတယ်။ လက်ဆေးရည်တို့၊ လက်ဆေးဖို့နဲ့ နှာခေါင်းစည်းတို့ ဒါတွေကိုလည်း စီမံထားပါတယ်။ စာသင်နှစ်တစ်ခုလုံး ကျောင်းသား ကျောင်းသူတွေ အေးအေးချမ်းချမ်း ပညာသင်ကြားနိုင်အောင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ၊ ဌာနတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ရပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေကလည်း ယာဉ်အန္တရာယ်ကင်းရှင်းအောင် ကူညီဆောင်ရွက်ပေးပါတယ်။ မိဘတွေအနေနဲ့ ကျောင်းသား ကျောင်းသူတွေကို အရောက်ပို့ပေးကြပါ။ ကျောင်းသား ကျောင်းသူတွေကလည်း ပညာကို ကြိုးစားသင်ကြဖို့ ပြောကြားလိုပါတယ်။

ဒေါ်သီသီဆွေ
ကျောင်းအုပ်ကြီး၊ အမှတ်(၅)
အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊
တပ်မတော်

ဒီနှစ် ကျွန်မတို့ ကျောင်းမှာ ကျောင်းသား ကျောင်းသူဦးရေ ၃၂၃ ဦး ရှိပါတယ်။ အလယ်တန်းကျောင်းခွဲဖြစ်တဲ့အတွက် KG ကနေ Grade-9 အထိ ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်နိုင်ဖို့ ကျွန်မတို့ ကျောင်းက ဆရာ ဆရာမတွေအနေနဲ့ တတ်အားသမျှ ကြိုးစားကြပါတယ်။ ဇွန် ၁ ရက်မှာ ကျောင်းဖွင့်နိုင်ဖို့အတွက် ကျောင်းမဖွင့်ခင် ကတည်းက ကျောင်းဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်တာ၊ ကျောင်းခန်းအတွင်း စာသင်ခုံတွေ စီစဉ်တာစတဲ့ ကျောင်းနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ထားပါတယ်။ ကျွန်မတို့ကျောင်းမှာ တပ်မတော်သားတွေရဲ့ သားသမီးတွေလည်း ရှိတယ်။ ပြီးတော့ ရွာကောက်၊ ကျောက်ကျင်း၊ သာယာကုန်း (၁)၊ သာယာကုန်း (၂) စတဲ့ အနီးနားရပ်ကွက်တွေမှာ နေထိုင်တဲ့ ပြည်သူတွေရဲ့ သားသမီးတွေက လာရောက်ကျောင်းတက်ကြတာ များပါတယ်။

မောင်သီဟအောင်
Grade-12 (A)၊ အမှတ်(၅)
အခြေခံပညာအထက်တန်းကျောင်း၊
ဇမ္ဗူသီရိမြို့နယ်

ကျွန်တော်က ဇီဝဗေဒဘာသာတွဲ ယူထားပါတယ်။ ကျွန်တော်တို့က သင်ရိုးသစ်နဲ့ သင်ယူလေ့လာရမှာဖြစ်တဲ့အတွက် စိတ်တော့လှုပ်ရှားပါတယ်။ သင်ရိုးသစ်ကလည်း ထွက်ရှိပြီဖြစ်တဲ့အတွက် ကြိုတင်လေ့လာကြည့်ပါတယ်။ သင်ရိုးသစ်ဖြစ်တဲ့အတွက် အထူးသဖြင့် သင်္ချာနဲ့ ရူပဗေဒဘာသာရပ်အတွက် စိတ်လှုပ်ရှားနေပါတယ်။ အကောင်းဆုံး ကြိုးစားသွားမယ်။ ဒီနေ့ ကျောင်းစတက်ရတဲ့အတွက် သူငယ်ချင်းတွေနဲ့ တွေ့ရတယ်။ ကျွန်တော်က တစ်ဦးတည်းသောသားဖြစ်တဲ့အတွက် သူငယ်ချင်းတွေနဲ့ ကျောင်းမှာ စာသင်ရတာ ပိုကြိုက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သင်ရိုးသစ်ဖြစ်ပေမယ့် တစ်နေ့စာ တစ်နေ့ သေသေချာချာလုပ်ဆောင်သွားရင် စိုးရိမ်နေစရာမလိုဘူးလို့ ထင်ပါတယ်။

မချိုးမြတ်စန္ဒီ
Grade-12 (A)၊ အမှတ်(၅)
အခြေခံပညာအထက်တန်းကျောင်း၊
ဇမ္ဗူသီရိမြို့နယ်

ကျောင်းပိတ်ရက်မှာ သင်ရိုးသစ်ကို လေ့လာဖြစ်ပါတယ်။ မေမေကလည်း သင်ပေးပါတယ်။ အခု ကျောင်းဖွင့်ရက်မှာ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတော့ ပျော်ရွှင်ပါတယ်။ ကျွန်မတို့က သင်ရိုးသစ်ကို အစဦးဆုံး သင်ကြားရမယ့်သူတွေ ဖြစ်တဲ့အတွက် ဆရာ ဆရာမတွေရဲ့ သင်ကြားမှု ဂရုစိုက်ပြီး စာကိုသေချာလုပ်ဖို့လိုအပ်တယ်လို့ မြင်ပါတယ်။ သင်ခန်းစာတွေက အဆင့်မြှင့်ထားတဲ့အတွက် တစ်နေ့စာတစ်နေ့ ပုံမှန်လုပ်ဖို့ လိုအပ်ပါတယ်။ ဒီနှစ်ဟာ အရေးကြီးတဲ့ စာသင်နှစ်ဖြစ်တဲ့အတွက် အကောင်းဆုံးကြိုးစားသွားမှာ ဖြစ်ပါတယ်။

မဇင်နှင်းအေး
Grade-8၊ အမှတ်(၅)
အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊
တပ်မတော်

ဒီနေ့က နွေရာသီကျောင်းပိတ်ရက်ကို ကျော်လွန်ပြီး ပထမဆုံးကျောင်းတက်ရတဲ့နေ့ဖြစ်တဲ့အတွက် ပျော်ပါတယ်။ ကျောင်းဖွင့်ပြီဖြစ်တဲ့အတွက် သူငယ်ချင်းတွေနဲ့အတူ စာသင်ရတာ ပိုကြိုက်ပါတယ်။ တစ်ယောက်တည်း စာဖတ်လေ့လာရတာထက် သူငယ်ချင်းတွေနဲ့ အတူလေ့လာရတာပိုကောင်းတယ်ထင်ပါတယ်။ တစ်ဦးနဲ့ တစ်ဦး မေးမြန်းဆွေးနွေးလို့ရတယ်။ ကျောင်းပိတ်ရက်မှာတော့ မေမေက ဗဟုသုတရရှိစေမယ့် စာတွေ ဖတ်ခိုင်းပါတယ်။ သမီးကလည်း စာဖတ်ရတာ ကြိုက်ပါတယ်။ အလွတ်ကျက်မှတ်တာထက် စာဖတ်ပြီး လေ့လာတွေးခေါ်ရတာ ကြိုက်ပါတယ်။ သမီးက ဆရာဝန်မကြီး ဖြစ်ချင်တာပါ။ ဒါကြောင့် ဒီနှစ်မှာလည်း ဆရာ ဆရာမတွေ သင်ကြားပေးတာကို လေ့လာဖတ်မှတ်ပြီးတော့ အကောင်းဆုံး ကြိုးစားသွားမှာပါ။

မောင်ခွန်သန့်ဇင်
Grade-9၊ အမှတ်(၅)
အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊
တပ်မတော်

ကျွန်တော်တို့ အလယ်တန်းကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် အတန်းကြီးလာတာနဲ့အမျှ စာသင်ကြားတာကို ပိုပြီး အာရုံစိုက်ဖို့ လိုလာပါပြီ။ ဒီနေ့ကတော့ ဆရာ ဆရာမတွေနဲ့လည်း ပြန်တွေ့ရတယ်။ သူငယ်ချင်းတွေနဲ့လည်း ပြန်ဆုံတဲ့အတွက် ပျော်ပါတယ်။ ကျောင်းတက်ရတဲ့နေ့တွေကိုသဘောကျပါတယ်။ အတန်းကြီးလာတာနဲ့အမျှ စာကို ဂရုစိုက်ဖို့ ဆရာ ဆရာမတွေကလည်း အမြဲဆုံးမပါတယ်။ အိမ်က မိသားစုကလည်း ဆုံးမပါတယ်။ ကျွန်တော်တို့ အရွယ်မှာက ဗဟုသုတရမယ့် စာတွေလည်း ဖတ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျောင်းပိတ်ရက်ရှည်မှာ ဗဟုသုတရမယ့် စာတွေ ဖတ်ဖြစ်ပါတယ်။ ကျွန်တော်က ခြင်းလုံးအားကစားနည်းကို သဘောကျပါတယ်။ ဒါကြောင့် အားတဲ့အချိန်မှာ ခြင်းလုံးခတ်ဖြစ်ပါတယ်။ ဒီနှစ် စာသင်နှစ်ကိုလည်း စာသင်ကြားမှုမှာ ပိုပြီးအာရုံစိုက်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

မောင်ခွန်သန့်ဇင်

ဦးသိန်းထွန်း
ကျောင်းအုပ်ကြီး၊
အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊
အလက(၃)၊ သပြေကုန်း

ကျွန်တော်တို့ ကျောင်းမှာ အရင်နှစ်က ကျောင်းသား ကျောင်းသူဦးရေ ၁၁၃၀ လောက်ရှိပါတယ်။ ဒီနှစ်တော့ ကျောင်းသား ကျောင်းသူဦးရေ ၁၂၀၀ ဝန်းကျင် ဖြစ်လာပါတယ်။ ကျောင်းသား ကျောင်းသူဦးရေ တိုးလာပါတယ်။ ကျွန်တော်တို့ ကျောင်းအနေနဲ့ ဇွန် ၁ ရက် ကျောင်းဖွင့်ချိန်မှာ စာသင်ခန်းတွေ ကျောင်းသားတွေအတွက် အဆင်သင့်ဖြစ်နေဖို့ ကြိုတင်ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း သက်ဆိုင်ရာဌာနဆိုင်ရာတွေက ကူညီဆောင်ရွက်ပေးပါတယ်။ လာရောက်ပညာသင်ကြားတဲ့ ကျောင်းသား ကျောင်းသူတွေကို အတန်းအလိုက် အခန်းခွဲပြီး စာသင်သားဦးရေ အချိုးကျသင်ကြားနိုင်ဖို့ ပြင်ဆင်ရပါတယ်။ ပြီးတော့ ကျောင်းဝန်းကျင်မှာ သန့်ရှင်းရေး ဆောင်ရွက်တာ၊ ကျောင်းစာသင်ခန်းအတွင်းမှာ စာသင်ခုံတွေ နေရာတကျဖြစ်အောင် စီမံတာ ဒါတွေ လုပ်ဆောင်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျောင်းသား ကျောင်းသူတွေ အကောင်းဆုံး ပညာသင်ကြားနိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သန်းမင်းအောင်(သတင်းစဉ်)
ဓာတ်ပုံ - အောင်စည်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ကြာသပတေးနေ့

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ သရုပ်ဆောင်/ အဆိုတော် ဒေါ်လီလီနိုင်ကျော်သည် ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်၊ ည ၇ နာရီခန့်တွင် မော်တော်ယာဉ်ဖြင့် အပြင်မှ နေအိမ်သို့ပြန်လာစဉ် PDF အကြမ်းဖက်သမားတစ်ဦးက ၎င်း၏ နေအိမ်ရှေ့၌စောင့်၍ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရကြောင်း သိရှိရပါသည်။

၂။ စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်နေသည့် အကြမ်းဖက်လုပ်ရပ်ကိုလုပ်ကိုင်နေသည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က လုံး၀ (လုံး၀) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းခရိုင်၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်တွင် နေထိုင်သော တေးသံရှင် လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်ကို မေလ (၃၀) ရက်နေ့ ည(၇)နာရီအချိန်တွင် PDF အမည်ခံ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် စိတ်ထိခိုက်ကြေကွဲခဲ့ရပါသည်။

ဤကဲ့သို့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပေါ်နေခြင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ရှုတ်ချ၍ လက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

မကာအိုနှင့် ကွမ်တုံဒေသကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲသို့ ပါ၀င်ပြသရန်ဖိတ်ကြား

မကာအိုအထူးအုပ်ချုပ်ရေးဒေသ မကာအိုမြို့ရှိ Galaxy International Convention Center ၌ ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်အထိ (၁၅) ကြိမ်မြောက် ကျင်းပမည့် မကာအိုနှင့် ကွမ်တုံဒေသကုန်အမှတ်တံဆိပ်ထုတ်ကုန်ပြပွဲ - ၂၀၂၃ (15th Guangdong and Macao Branded Products Fair 2023-GMBPF) သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပါ၀င်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

ပြခန်းပေါင်း ၂၀ ရရှိမည်

၂၀၂၃ ခုနှစ် GMBPF ပြပွဲ၏ မြန်မာနိုင်ငံဆိုင်ရာပြခန်းတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအတွက် ပြခန်းပေါင်း ၂၀ ရရှိမည်ဖြစ်ကြောင်း၊ ပြခန်းတစ်ခန်းအတွက် မကာအိုဒေါ်လာ ၁၄၀၀ (အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၄၅) ကို ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပါ၀င်ပြသသူ တစ်ဦးလျှင် ပြခန်းတစ်ခန်း ရရှိမည်ဖြစ်ကြောင်းနှင့် ခွင့်ပြုထားသော ပြခန်းတစ်ခန်းစီအတွက် လာရောက်ပြသမည့် ကုန်စည်များ တင်ပို့ရန် (အပြန်သယ်ယူပို့ဆောင်စရိတ်မပါ) မကာအိုဒေါ်လာ ၃၀၀၀ ထောက်ပံ့မည်ဖြစ်ကြောင်းနှင့် အဆိုပါထောက်ပံ့ငွေများအား ပြပွဲစီစဉ်သူများထံ ကုန်တင်ပို့မှုပြေစာများ ပြသ၍ ပြန်လည်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။

ဆက်သွယ်ပြသနိုင်

ပါ၀င်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ပြသနိုင်ကြောင်း သိရသည်။

ဟိုင်နန်အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသအစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ ပါ၀င်ပြသရန်ဖိတ်ကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် Hainan International Convention and Exhibition Center ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ပထမအကြိမ် ကျင်းပမည့် ဟိုင်နန်အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ အစားအစာများဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲ၌ နိုင်ငံတကာအဆင့်မီ ပြခန်းပေါင်း ၂၅၀၀ ပါ၀င်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ ဒေသထွက်စားသောက်ကုန်များ ပါ၀င်ပြသနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်း၀ယ်ရေး၀န်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

တိုးချဲ့စိုက်ပျိုးသင့်သည့် ၀င်ငွေကောင်းသော နှမ်းသီးနှံ

နှမ်းသီးနှံကို အပူပိုင်းဒေသများဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံသည် နှမ်းသီးနှံစိုက်ပျိုးမှုတွင် ၁၈ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ကမ္ဘာပေါ်၌ တတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ နှမ်းစိုက်ပျိုးသောဧရိယာသည် ဆီထွက်သီးနှံစိုက်ဧရိယာအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးစိုက် ၄၃၃၃၂၄ ဧက၊ ဆောင်းစိုက် ၅၄၁၈၆၉ ဧကနှင့် နွေစိုက် ၃၅၈၀၉ ဧက စုစုပေါင်း ၁၀၁၁၀၀၂ ဧက စိုက်ပျိုးခဲ့ကြောင်း။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့်ယခင်နှစ် မေလ၌ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၅၂၀၀၀၊ ယခုနှစ်၌ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ ရရှိသဖြင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ငွေကျပ် ၃၈၀၀၀ ပိုမို ရရှိကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၁ တင်း ထွက်ရှိပြီး ၀င်ငွေအနေဖြင့် ငွေကျပ် ၁၀ သိန်းခန့်ရရှိကာ တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ်လေးသိန်းခန့် ရရှိကြောင်း၊ နှမ်းသီးနှံသည် နိုင်ငံခြားဈေးကွက်ခိုင်မာပြီး ဈေးကောင်းရသော သီးနှံဖြစ်သည့်အတွက် နှမ်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရှိရသည်။

DOCA (စစ်ကိုင်း)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

မြ၀တီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြ၀တီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် မေ ၂၇ ရက်မှ ၂၉ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့ခဲ့သည်။ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ ဒန့်သလွန်စေ့ခြောက်၊ မိဿလင်ခြောက်၊ ငရုတ်၊ ကြက်သွန်နီ၊ ပြောင်း၊ ချင်းနွယ်၀င်တစ်မျိုး၊ ခွေးလေးယားစေ့(အနက်)၊ ကန့်ချုပ်နီ၊ မန်ကျည်းသီး၊ လင်းလေမြစ်နှင့် ဂေါ်ဖီထုပ်တို့ ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ခုံး၊ ခရု၊ ပုစွန်၊ ငါးမြွေတိုး၊ ငါးခွေးလျှာ၊ ၀သုံးလုံး ကဏန်း၊ ငါးမြစ်ချင်းစည်ဖောင်း၊ ကျောက်ငါး၊ ကုလားကုတ်၊ ငါးပါးနီ၊ မီးတံသွယ်ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးတီး၊ ငါးသလောက်၊ ကကူရံ၊ ငါးကွမ်းရုပ်၊ ငါးဆားနယ်နှင့် သဲကဏန်းတို့ဖြစ်ပြီး CMP တင်ပို့မှုမှာ အမျိုးသား/အမျိုးသမီး၀တ်အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေး၀ါး၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အ၀တ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်၊ ဖိနပ်နှင့် ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ အထည်ချုပ်၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ LPG (ဓာတ်ငွေ့ရည်)၊ စက်နှင့် စက်ပစ္စည်း ကိရိယာ၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ယန္တရားအပိုပစ္စည်း၊ အားကစားပစ္စည်း၊ စက်ဆီ/ချောဆီ၊ ဆေးပစ္စည်းနှင့် အိမ်သုတ်ဆေးတို့ တင်သွင်းလျက်ရှိသည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် ၈၅ ဒသမ ၁ ကျပ်သာရှိခဲ့ပြီး ယခုအပတ်တွင်လည်း ၈၅ ဒသမ ၁ ကျပ်သာရှိ၍ ဘတ်ဈေးတည်ငြိမ်လျက်ရှိပြီး ကုန်ပစ္စည်းများကို ပိုမိုတင်သွင်းလျက်ရှိကြောင်း သိရှိရသည်။

မြ၀တီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၉ ရက်အထိ ပို့ကုန် ၈၆ ဒသမ ၂၉၃ ကန်ဒေါ်လာသန်း၊ သွင်းကုန် ၁၉၃ ဒသမ ၀၃၅ ကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၂၇၉ ဒသမ ၃၂၈ ကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

နိုင်ငံတကာသတင်း

မေလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၃၆ နှစ်အတွင်း အပူချိန်အနည်းဆုံးဖြစ်

နယူးဒေလီ ဇွန် ၁

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီ၌ မေလအပူချိန်မှာ နှစ်ပေါင်း ၃၆ နှစ်အတွင်း အပူချိန်အနည်းဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း အိန္ဒိယမိုးလေ၀သဌာနက ဇွန် ၁ ရက်တွင် ပြောကြားသည်။

မေလအတွင်း ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ ၃၆ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း မိုးလေ၀သဌာနက ပြောကြားသည်။ ပျမ်းမျှအမြင့်ဆုံးအပူချိန် ကျဆင်းမှုသည် မေလအတွင်း မြို့တော်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့်ဖြစ်သည်ဟု သတ်မှတ်ထားသည်။ ပုံမှန်အားဖြင့် မေလသည် ဒေလီမြို့အတွက် အပူဆုံးလဖြစ်ပြီး ယခုနှစ်မေလတွင်မူ အမြင့်ဆုံးအပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထက်မှာ ကိုးရက်သာရှိသည်။ မြို့တော်၏ ဒေသအချို့တွင် အပူလှိုင်းနှစ်ရက်သာ ကျရောက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ရှန်ဟိုင်းရှိ တက်စလာ ကားထုတ်လုပ်ရေးစက်ရုံ ၂၀၂၂ ခုနှစ်တွင် မော်တော်ကားအစီးရေ ၇၁၀၀၀၀ ထုတ်လုပ်နိုင်

ရှန်ဟိုင်း ဇွန် ၁

တက်စလာ လျှပ်စစ်ကားကုမ္ပဏီ စီအီးအို အီလွန်မက်စ်သည် ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း ရှန်ဟိုင်းရှိ ကားထုတ်လုပ်ရေးစက်ရုံဖြစ်သည့် ရှန်ဟိုင်း ဂီဂါဖက်စ်ထရီသို့ ဇွန် ၁ ရက်က သွားရောက်ခဲ့သည်ဟု သိရသည်။

ထိုသို့ သွားရောက်စဉ် စက်ရုံ၏ ထုတ်လုပ်နိုင်မှု စွမ်းရည်နှင့် အရည်အသွေးများကို ချီးကျူးခဲ့သည်ဟု သိရသည်။ တရုတ်နိုင်ငံရှိ စက်ရုံမှ ၀န်ထမ်းများ၏ စွမ်းဆောင်ရည်ကိုလည်း ချီးကျူးစကားပြောခဲ့သည်။ ရှန်ဟိုင်း ဂီဂါဖက်စ်ထရီကို တစ်ကမ္ဘာလုံးရှိ တက်စလာ၏ အခြားသော စက်ရုံများက စံပြအဖြစ် အလေးထားကြကြောင်း ၎င်းကပြောသည်။ ရှန်ဟိုင်းရှိ တက်စလာကားကုမ္ပဏီ၏စက်ရုံသည် ၂၀၂၂ ခုနှစ်တွင် မော်တော်ကားအစီးရေ ၇၁၀၀၀၀ ကို ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၄၈ ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

၂၀၁၉ ခုနှစ်တွင် အဆိုပါစက်ရုံကို စတင်တည်ထောင်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု ပြင်ပတွင် တည်ထောင်သည့် ပထမဆုံး ဂီဂါဖက်စ်ထရီလည်းဖြစ်သည်။ ရှန်ဟိုင်းတွင် ကားစက်ရုံသစ်ကြီး တစ်ရုံကို တည်ဆောက်သွားမည်ဟုလည်း ဧပြီလအတွင်း တက်စလာကုမ္ပဏီက ကြေညာခဲ့သည်။ ယခုနှစ်နှောင်းပိုင်းတွင် စက်ရုံသစ်ကို တည်ဆောက်ရန် စီစဉ်ထားပြီး ၂၀၂၄ ခုနှစ် ဒုတိယနှစ်၀က်တွင် ထုတ်လုပ်မှုလုပ်ငန်းများစတင်မည်ဟု သိရသည်။

ဆင်ဟွာ

စစ်တွေမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာသို့သွားရောက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ သဲချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား ကြည့်ရှုအားပေး၊ စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဇွန် ၁

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာသို့သွားရောက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး စစ်မှုထမ်းဟောင်းအိမ်ရာဝင်းအတွင်း မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အိမ်ခန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု၍ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ် သဲချောင်းကျေးရွာရှိ ဆိုင်ကလုန်းရုပ်တာ၌ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA) နှင့် အလှူရှင်များက လှူဒါန်းသည့် ထမင်းဟင်းလျာဘူးများအား ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။ ထို့ပြင် စစ်တွေမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများကိုလည်း အဆိုပါ ထမင်းဟင်းလျာဘူးများကို တာဝန်ရှိသူများက အသီးသီး သွားရောက်ထောက်ပံ့ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် အဆိုပါ ထမင်းဟင်းလျာများကို ချက်ပြုတ်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည့် နေရာများသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ပညာသင်ကြားနေမှုကြည့်ရှု

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေး **(ယာပုံ)**သည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့ရှိ အခြေခံပညာကျောင်းများနှင့် ကောလိပ်ကျောင်းများ၌ ကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှုနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှု၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း **(အောက်ပုံ)**သည် တာဝန်ရှိသူများနှင့်အတူ

ဘူးသီးတောင်မြို့ ဒပြုချောင်းကျေးရွာအုပ်စု၌ ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ကျေးရွာအုပ်စုငါးစုမှ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား ထောက်ပံ့ဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာ ဦးစီးဌာန၏ ဂိုဒေါင်၌ထောက်ပံ့ပစ္စည်းထုတ်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

စာသင်ဆောင်များကြည့်ရှု

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် အောင်သူဦးသည် တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)၏ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး အိပ်ဆောင်နှင့် စာသင်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ မာန်အောင်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မာန်အောင်မြို့ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

နေပြည်တော် ဇွန် ၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ ဟားခါးတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား တပ်နယ်ခန်းမ၌ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay ၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လဲ့လဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၅၀ ၀၉-၂၀၂၁၄၆၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀၉-၂၅၀၁၂၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၄၈ ၀၉-၂၅၄၁၇၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယ ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်း ဒေသကြီး ဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၃၁၆ ၀၉-၄၃၁၀၅၆၈၄၄		

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၆-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၂၂	၁၈၉၂
95 Ron	၁၉၂၇	၁၉၉၉
HSD (500 ppm)	၁၇၄၆	၁၈၁၀
HSD (50 ppm)	၁၈၁၉	၁၈၈၅
HSD (10 ppm)	၁၈၁၉	၁၈၈၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၁ ဦး တွေ့ရှိ

(၁-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၅၇,၁၈၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၉၈၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၉၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

ကျောင်းနေအရွယ်ကလေးတိုင်း စာသင်ကျောင်းသို့အရောက်သွားရမည့် ကျောင်းဖွင့်ရာသီစတင်ပြီ

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ သန်းသန်းလှိုင်၊ ဓာတ်ပုံ - ဇင်ဦး

နေပြည်တော် ဇွန် ၁

နေပြည်တော် ဇေယျာသီရိခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ အားလုံး ယနေ့ (ဇွန် ၁ ရက်)တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ကျောင်းတက်ရောက်ခဲ့သည်ကို မြင်တွေ့ရသည်။ ကျောင်းစတင် ဖွင့်လှစ်သည့်နေ့ရက်၌ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်မျှော်လင့်ချက်၊ ဆရာတို့၏ ဝမ်းသာပီတိနှင့် မိဘတို့၏ အတွေ့အကြုံများကို စာဖတ်သူများသိရှိနိုင်စေရန် တွေ့ဆုံမေးမြန်း တင်ဆက်ထားပါသည်။

ဒေါ်ချယ်ရီအုန်း

ဦးသူရိန်ထွန်း

ဒေါ်မေသဲဦး

ဒေါ်ကြည်ကြည်သင်း

မကြယ်စင်မှူး

မသိမ့်ကေရီဦး

မောင်စစ်ငြိမ်း

မမေဓာထေရီ

မအိမ့်စုသဒ္ဒါမြတ်

ဦးဇေယျာသိုက်

ဒေါ်ချယ်ရီအုန်း (ကျောင်းအုပ်ဆရာမကြီး) အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်

ကျွန်မတို့ကျောင်းမှာ ဒီနေ့ ဇွန် ၁ ရက်မှာ ကျောင်းအပ်နှံပြီး တကယ်တက်ရောက်နေတဲ့ ကလေးက ၁၄၃၆ ဦး ရှိပါတယ်။ ကျောင်းက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း သားသမီးတွေများကြပြီး အခြားကလေးတွေ အနည်းငယ် ရှိပါတယ်။ မနှစ်ကနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကျောင်းတက်တဲ့ ကလေး ၂၀၀ လောက် ပိုများလာတာကို တွေ့ရတယ်။ ကိုဗစ်ကြောင့်ရော၊ နိုင်ငံရေးအခြေအနေရော အေးချမ်းလာခဲ့တာကြောင့် ကျောင်း တက်ရောက်မှုနှုန်း မြင့်တက်လာခဲ့ပါတယ်။ ကျွန်မတို့ကျောင်းမှာ အရင်နှစ်တွေက မတက်ဖြစ်ခဲ့တဲ့ ကလေးတွေကိုလည်း လက်ခံပေးသလို ယာယီတိုက်ပွဲရှောင်ဒေသတွေမှာ ကျောင်းထွက် လက်မှတ်ရဖို့ ခက်ခဲတဲ့ ကျောင်းသားတွေ ဆိုရင်လည်း လက်ခံကြိုဆိုပြီး အဆင်ပြေအောင် လုပ်ဆောင်ပေးနေပါတယ်။ လက်ရှိသင်ကြားပေးနေတဲ့ စနစ်သစ်ပညာရေးနဲ့ ပတ်သက်ပြီး ကျွန်မကတော့ သဘောကျပါတယ်။ သင်ရိုးရေးဆွဲပေးကြတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကလည်း သိပ်ကိုတော်ကြတာပါ။ ဆရာ၊ ဆရာမတွေ သင်တန်းတွေမှာ လေ့လာခဲ့တာတွေကို ပြန်သိရတာက တော်တော်ကိုအဆင့်မြင့်သင်ကြားရေး ဖြစ်တယ်ဆိုတာကိုပဲ။ ကလေးတွေကတော့ KG+12 ဖြစ်ပြီး ကလေးတွေက အတန်းအလိုက် ချိတ်ဆက်သင်ကြားရေး ဖြစ်လို့ အခြေခံပညာပြီးသွားရင် တကယ်ကို စာတတ်မြောက်တဲ့သူတွေ၊ နိုင်ငံတကာအဆင့်မီ အခြေခံပညာအဆင့် ပြီးမြောက်သူတွေ ဖြစ်လာမှာပါ။ ထွက်ချက်ရတဲ့ သင်ခန်းစာတွေ၊ သိပ္ပံဘာသာတွေမှာဆိုရင်လည်း လက်တွေ့နဲ့ ပေါင်းစပ်အဖြေရှာတဲ့ ပုံစံမို့ ကလေးတွေအတွက် မပင်မပန်းဘဲ လေ့လာသင်ယူနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကလေးမိဘတွေကို အသိပေးချင်တာကတော့ ဇွန် ၁ ရက်မှာ စာသင်ကျောင်းတွေဖွင့်ပါပြီ။ ကလေးတွေကို ကျောင်းတက်ပါစေ၊ ကလေးတွေရဲ့ ရည်မှန်းချက်ပန်းတိုင်တွေကို အရောက်ပို့ပေးကြပါလို့ ပြောချင်ပါတယ်။

ဦးသူရိန်ထွန်း(ကျောင်းသားမိဘ)

ကျွန်တော်ကတော့ နေပြည်တော် ဇေယျာသီရိမြို့နယ် စိန်ပန်းဈေးကပါ။ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဇေယျာသီရိမြို့နယ်မှာ ကျွန်တော့်သမီးလေးကို KG တန်း ပထမဆုံး စပြီးအပ်တာပါ။ နိုင်ငံတော်ရဲ့ အခမဲ့ပညာရေးစနစ်က ကောင်းပါတယ်။ ကျောင်းမှာလည်း ကလေးတွေ ပညာသင်ကြားရေးအတွက် အားလုံးပြည့်စုံတယ်လို့ ထင်ပါတယ်။ ကျောင်းစအပ်တဲ့နေ့ကတည်းက ကလေးတွေအတွက် စာအုပ်လေးတွေ၊ ဝတ်စုံလေးတွေ ပေးတယ်။ ကလေးတွေကို ကျောင်းထားတဲ့အရွယ်မှာ အားလုံး ကျောင်းထားစေချင်တယ်။ စနစ်သစ်မှာ ၁၂ တန်းအထိ တက်ရမယ်ဆိုတော့ တစ်နှစ်နောက်ကျရင် ပညာရေးမှာ တစ်နှစ်စာ သိသိသာသာ နောက်ကျသွားနိုင်လို့ ဖြစ်ပါတယ်။

ဆရာမ ဒေါ်မေသဲဦး (Grade–1–C အတန်းပိုင်) အ.ထ.က(၂၀) ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

ကျွန်မက ဒီကျောင်းကြီး စဖွင့်ကတည်းက ကျောင်းကို ရောက်လာတဲ့သူပါ။ ဒီကျောင်းမှာ အငြိမ်းစား ဝန်ထမ်း သားသမီးတွေ၊ စစ်မှုထမ်း သားသမီးတွေ၊ ဝန်ထမ်း သားသမီးတွေ တက်ရောက်တာ များပါတယ်။ ဒါ့အပြင် ထူးကြီး စာသင်တိုက်၊ ပြင်ကြီးသီလရှင် စာသင်တိုက်၊ မြတ်ပါရမီ သီလရှင် စာသင်တိုက်က ကိုရင်လေးတွေ၊ သီလရှင်လေးတွေ လာတက်ကြပါတယ်။ ယာယီတိုက်ပွဲရှောင်ဒေသတွေက ကလေးတွေလည်း ကျောင်းအပ်နှံကြတာကို တွေ့ရတယ်။ ကျွန်မ တာဝန်ယူရတာကတော့ မြန်မာစာ၊ ဘဝတွက်တာ၊ လူမှုရေး၊ ဂီတ ဘာသာရပ်တွေကို သင်ကြားရပါတယ်။ စနစ်သစ်ပညာရေးမှာ ဘာသာရပ် ၁၀ ခု ရှိပါတယ်။ KG ကနေစပြီး အတန်းအားလုံးမှာ ကာယ၊ ဉာဏဘက်စုံ ဖွံ့ဖြိုးရေးကို ဦးတည်ပြီး သင်ကြားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်ရသေးဘူးဆိုရင်လည်း နီးစပ်ရာ ကျောင်းတွေမှာ စုံစမ်းမေးမြန်းပြီး အပ်နှံလို့ ရပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်စေချင်ပြီး ကျောင်းလာတက်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

ဆရာမ ဒေါ်ကြည်ကြည်သင်း (ဒုအလယ်တန်းပြ) အခြေခံပညာအထက်တန်းကျောင်း (ပြည်စံအောင်)၊ ဇေယျာသီရိမြို့နယ်

ကျွန်မကတော့ Grade–8 (မြန်မာစာ) သင်ကြားရေး တာဝန်ယူထားပါတယ်။ စနစ်သစ်မှာ မြန်မာစာဟာ အရင်နဲ့ မတူဘဲ အသိပညာယူစရာတွေ ပိုပြီးတော့ များလာတယ်။ သေချာသင်ယူမယ်ဆိုရင် လက်တွေ့ဘဝမှာ တော်တော် အသုံးဝင်လာမယ်လို့ ထင်ပါတယ်။ စနစ်သစ်သင်ကြားရေးစနစ်မှာ ဆရာကချည်း ဦးဆောင်သင်ကြားသွားတဲ့ ပုံစံမဟုတ်ဘဲ ကလေးတွေအားလုံး ပါဝင်ခွင့်ရတဲ့အတွက် ကလေးတွေလည်း ပိုပျော်ကြပြီး ကလေးတွေရဲ့ စိတ်ဓာတ်ကို တက်ကြွလာစေလို့ ပိုပြီးတော့ ကောင်းပါတယ်။ ကျောင်းအပ်ဖို့အတွက် အချို့ ကျောင်းသား မိဘတွေမှာ စိုးရိမ်စိတ်တွေရှိကြပေမယ့် ကိုယ့်ကလေးတွေ တစ်နှစ်ကျောင်း မတက်ဖြစ်ရင် ကိုယ့်ကလေးပဲ နစ်နာရတာပါ။ ဒါကြောင့် ကျောင်းနေအရွယ် ကလေးတွေနဲ့ မိဘတွေ အနေနဲ့ ကလေးအတွက် စဉ်းစားပြီး ကျောင်းကိုလွှတ်ပါလို့ ပြောလိုပါတယ်။

မကြယ်စင်မှူး (Grade–11) အ.ထ.က (၁၃) ပုဗ္ဗသီရိမြို့နယ်

သမီးက ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပ ရပ်ကွက်ကပါ။ မနှစ်က စပြီး ဒီကျောင်းမှာတက်ခဲ့ပါတယ်။ မောင်နှမ သုံးယောက်ရှိပြီး သုံးယောက်စလုံး ကျောင်းသူကျောင်းသားတွေ ဖြစ်ပါတယ်။ ကိုဗစ်ကြောင့် အတန်းတစ်နှစ် နားခဲ့ရသလို၊ မနှစ်ကလည်း နိုင်ငံရေးအခြေအနေတွေကို စိတ်ပူလို့ ကျောင်းမတက်ဖြစ်ခဲ့ဘူး။ ဒါကြောင့် နှစ်နှစ် နစ်နာခဲ့ရပါတယ်။ ဒီနေ့မနက် ကျောင်းတက်ရမှာဆိုတော့ မနက် ၄ နာရီလောက်ကတည်းက နိုးနေပြီး စိတ်လှုပ်ရှားနေခဲ့တာပါ။ ကျောင်းပြန်တက်ဖို့ မဖြစ်မနေ လိုအပ်တယ်လို့ သမီးထင်ပါတယ်။ ကလေးတွေက ကျောင်းတက်ခွင့်မရရင် တော်တော်နစ်နာပါတယ်။ သမီးတို့က အခုစနစ်သစ်သင်ရိုးကို သင်ရတာပါ။ စနစ်သစ်သင်ရိုးက သမီးတို့အတွက် ပိုပြီးသင်ကြားရတာလွယ်ကူတယ်လို့ ထင်ပါတယ်။ ဥပမာပြောရရင် အင်္ဂလိပ်စာမှာ အရင်က စာပိုဒ်တွေကိုပဲ အဓိကသင်ကြားရတာ။ ဆရာမတွေက မြန်မာလို ပြန်ရှင်းပြတာမျိုးပေါ့။ စနစ်သစ်မှာတော့ သမီးတို့ကိုယ်တိုင် လိုက်ပါပြီး ပြောရတာ၊ နားထောင်ရတာ၊ အပြန်အလှန် ဆွေးနွေးရတာမျိုးတွေနဲ့ဆိုတော့ သင်ကြားရတာ ပိုပြီး စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ သမီးမှာ ပန်းတိုင်တစ်ခု ရှိပါတယ်။ သမီး အင်ဂျင်နီယာကြီး ဖြစ်ချင်တယ်။ ဖြစ်အောင်လုပ်မှာမို့ အခုကတည်းက ကျောင်းစာကို အကောင်းဆုံး ကြိုးစားနေပါတယ်။

မသိမ့်ကေရီဦး(Grade–12) အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်

သမီးကတော့ ဒီကျောင်းမှာ သူငယ်တန်းကတည်းက စပြီးတော့တက်တာပါ။ အခုချိန်မှာ ကျောင်းတက်ရင် အခမဲ့ပညာရေးစနစ် ဖြစ်ပါတယ်။ ကျောင်းမတက်ရင် ကိုယ့်ပညာရေးအတွက် အခက်အခဲဖြစ်သလို ကိုယ့်ရဲ့ ဘဝရှေ့ရေးအတွက်လည်း ထိခိုက်နိုင်တာကြောင့် အားလုံးကို ကျောင်းတက်စေချင် ပါတယ်။ သမီးလည်း ကျောင်းတက်ရတဲ့အတွက် ပျော်ပါတယ်။

မောင်စစ်ငြိမ်း(Grade–9) အမှတ်(၂)၊ အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိမြို့နယ်

ဒီနေ့ကျောင်း စတက်တဲ့ရက်မှာ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတော့ ပျော်စရာကောင်းတယ်။ ကျွန်တော်က ဒီကျောင်းမှာသူငယ်တန်းကတည်းက စတက်ခဲ့တာပါ။ စာသင်တဲ့အရွယ်မှာကျွန်တော်တို့အားလုံး စာသင်ကြားခွင့်ရဖို့ လိုပါတယ်။ တစ်နိုင်ငံလုံးက ကျောင်းတွေလည်း ကျွန်တော်တို့ ကျောင်းလိုပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ဖွင့်လှစ်ပြီး အားလုံးကို ပညာသင်ယူစေလိုပါတယ်။

မမာလာခင် (ဆရာလေး မမေဓာထေရီ) Grade(1–C)၊ အ.ထ.က(၂၀) ပုဗ္ဗသီရိမြို့နယ်

ဆရာလေးက မြတ်ပါရမီ စာသင်တိုက်ကနေ လာပြီးတော့ တက်တာပါ။ သီလရှင်မဝတ်ခင်ကတော့ ပခုက္ကူမြို့နယ်ကပါ။ ကျောင်းလာတဲ့အချိန်မှာ သူငယ်ချင်း နှစ်ယောက်လည်းပါခဲ့တယ်။ ကျောင်းတက်ရတာ ပျော်ပါတယ်။ သူငယ်ချင်းအသစ်တွေလည်း ရပါတယ်။ KG မတက်ဖြစ်ခဲ့ပါဘူး။ အသက်ပြည့်လို့ Grade–1 ကနေ စတက်ပါတယ်။

မအိမ့်စုသဒ္ဒါမြတ်၊ (Grade–9) အခြေခံပညာအထက်တန်းကျောင်း (ပြည်စံအောင်)၊ ဇေယျာသီရိမြို့နယ်

သမီးက ဒီကျောင်းမှာ Grade– 7 ကနေ စတက်ခဲ့တာပါ။ အရင်က ပျော်ဘွယ်မြို့နယ် ပင်သောင် (မူလွန်) ကျောင်းကပါရှင့်။ အခုကျောင်းမှာတော့ အထက်တန်းကျောင်း ဆိုတော့ ဗဟုသုတတွေလည်း ပိုပြီးတော့ ကျယ်ပြန့်လာပါတယ်။ သမီး အကြိုက်ဆုံး ဘာသာရပ်က အင်္ဂလိပ်နဲ့ သင်္ချာဘာသာရပ်တွေ ဖြစ်ပါတယ်။ အခုခေတ်မှာ ပညာတတ်မှသာ သူများကို ဦးဆောင်နိုင်တဲ့သူ ဖြစ်မှာပါ။ အားလုံးလည်း ကျောင်းတက်ပြီးတော့ ပညာကောင်းကောင်း သင်ယူကြပါ။ ဆရာ၊ ဆရာမ စကားကို နားထောင်ကြပါ။ သမီးလည်း နားထောင်ပါတယ်လို့ ပြောချင်ပါတယ်။

ဦးဇေယျာသိုက် (ကျောင်းသားမိဘ)

အထက(၂၀)၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်မှာ ကျွန်တော့်သားနှစ်ယောက်ကို လာပို့တာပါ။ မူလတန်း KG မှာ တစ်ယောက်၊ အလယ်တန်းတစ်ယောက် တက်ရောက်နေပါတယ်။ အရင်နှစ်ကတော့အကြီးကလေးကိုကိုယ်ပိုင်ကျောင်းမှာ ထားတာပါ။ အခုနှစ်မှာ ညီအစ်ကိုနှစ်ယောက်ဖြစ်သွားတော့ အစိုးရကျောင်းမှာပဲ ထားလိုက်တာပါ။ စနစ်သစ်ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်တာကိုလည်း သဘောကျပါတယ်။ ကျွန်တော်တို့ ကျောင်းသားမိဘတွေဘက်ကလည်း ကလေးတွေ ကျောင်းတက်နိုင်ဖို့အတွက် တတ်နိုင်တဲ့ဘက်က ပူးပေါင်းပါဝင်ပေးချင်ပါတယ်။ ။

စေတနာ ဝေဖြာ ပဒေသာကပွဲကြီး

❖ အနုပညာသည် ပြည်သူ့အတွက်
ပြည်သူ့အတွက် အနုပညာ၊
တိုင်းကျိုးပြည်ပြု အစဉ်ရေးရှု
လူထုအတွက် ခေတ်အဆက်ဆက်
ထမ်းရွက်ခဲ့ပါ၊
စာပေ ရုပ်ရှင် သဘင် ဂီတ
ကဏ္ဍများ စုံလင်စွာ
ခံ့မင်စွာ ဖျော်ဖြေပေး၊
ပြည်သူ့နှလုံး ရွှင်ပြုံးစေဖို့
ခြယ်မှုန်းတယ်လေး ။

❖ အနုပညာရှင်နဲ့ ပြည်သူကြား
ကြည်ဖြူ ချစ်ခင်မှုများ ဝေစည်၊
အပြန်အလှန် အထောက်အကူပေးလို့
ဖေးမ ကူညီ၊
မိသားစု ပီပီ
တူညီကာ ဝေမျှ၊
မရှိအတူ ရှိအတူပေါ့
အေးတူ ပူမျှ ။

❖ ဆိုင်ကလုန်း မိုခါ မုန်တိုင်း
ကဆုန်စိုင်း ဝင်မွှေ၊
ဒို့မြန်ပြေ ရခိုင်ဒေသ
ဘေးဒုက္ခဝေ၊
အနုပညာရှင် တို့တတွေ
မနေနိုင်ပေ သားချင်းအရေး၊
မုန်တိုင်းဒဏ် ဒေသများနဲ့
မုန်တိုင်းခံ ပြည်သူများကို
သွားရောက် အားပေး ။

❖ အားပေးရုံတင် မက
စုံလင်စွ စေတနာတွေ၊
တတ်နိုင်တာ ဖြည့်ဆည်းလို့
အပူမီး မျှဝေ၊
ထပ်ပြီးတော့ ကူချင်နေ
မေတ္တာတွေ အနန္တ၊
တတ်ကျွမ်းရာ ကိုယ့်အစွမ်းနဲ့
ဆောင်မြန်း ကြံဆ ။

❖ ပဒေသာကပွဲကြီး
စုစည်းပြီး ကပြမည်၊
အနုပညာရှင်များ အားလုံး
စည်းရုံး ညီညီ၊
ပွဲကြီးက ရသမျှသည်
ပွဲကြီးသို့ လှူသမျှသည်
ကူကြမည် မုန်တိုင်းဘေး၊
ပြည့်အင်အား ပြည်သူများမို့
ပြည်သူ့ကြား အနုပညာရှင်များရဲ့
သန့်စင်သော မေတ္တာထုနဲ့
ထက်သန်သော စေတနာအစုစုကို
ဂုဏ်ပြုတယ်လေး ။ ။

မျိုးမြတ်မြတ်မြင့်မောင်

(မိုခါ မုန်တိုင်းသင့် ပြည်သူများ ရန်ပုံငွေရှာဖွေမှု ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲသို့ ဂုဏ်ပြုလျက်)

မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) မှ လေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် ဇွန် ၁

မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ပြုလုပ်သော မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင် မြစေတီ ပရိယတ္တိစာသင်တိုက် (ရဲကျောင်း)၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြစေတီပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံမှငါးပါးသီလ ခံယူဆောက်တည်ကာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌတို့က လေဘေးသင့် ထောက်ပံ့ပစ္စည်းများကို လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ပဓာနဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ လေဘေးသင့် အလှူနှင့် ပတ်သက်၍ ဩဝါဒစကားနှင့် ဝမ်းမြောက်အနုမောဒနာစကား နာယူကြည်ညိုပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိုခါမုန်တိုင်းဒဏ်သင့်ဒေသပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီး စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်လျက်ရှိ

ရန်ကုန် ဇွန် ၁

မိုခါ မုန်တိုင်းဒဏ်သင့်ဒေသပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ရန်ပုံငွေပဒေသာ ဖျော်ဖြေပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ ကြိုတင်ဇာတ်တိုက် လေ့ကျင့်ကြသည်။

အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်းတင်ဆက်မည့် ရန်ပုံငွေပဒေသာ ဖျော်ဖြေပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် နယ်ပယ်အသီးသီးမှ အနုပညာရှင်များ၊ ပါဝင်သရုပ်ဆောင်ကြမည့် သရုပ်ဆောင်များက ကြိုတင်ဇာတ်တိုက် လေ့ကျင့်ကြသည်။

ပဒေသာ ဖျော်ဖြေပွဲကြီးသို့ လာရောက်ကြည့်ရှု အားပေးကြမည့် ပြည်သူများ သွားလာရေး အဆင်ပြေစေရေးအတွက် တက္ကစီများနှင့် YBS ယာဉ်လိုင်းများ စီစဉ်ဆောင်ရွက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

မိုခါမုန်တိုင်းဒဏ်သင့်ဒေသမှ ပြည်သူများအတွက် အမျိုးသားဇာတ်ရုံ(ရန်ကုန်) တွင် ကျင်းပမည့် ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီး လက်မှတ်များကို ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၃၀၀၀၀ အထိ ရောင်းချပေးလျက်ရှိပြီး အဆိုပါ ရန်ပုံငွေပဒေသာကပွဲကြီး ကို ဇွန် ၂ ရက်မှ ၄ ရက်အထိ ၃ ရက်တိုင် ညနေ ၆ နာရီမှ ည ၉ နာရီခွဲအထိ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ဖျော်ဖြေသွားမည်ဖြစ်သည်။

ထိုသို့ ပဒေသာကပွဲကြီးမှ ရရှိလာသော ရန်ပုံငွေများကို မိုခါမုန်တိုင်းဒဏ်သင့် ဒေသမှ ပြည်သူများအတွက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အားကောင်းသော အပူပိုင်းမုန်တိုင်း “မဝါ” ဆက်လက်ရွေ့လျားနိုင်

နေပြည်တော် ဇွန် ၁

ထူးခြားသည့်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း “မဝါ” သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ထိုင်ဝမ်ကျွန်း၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၃၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကာ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ နှစ် (၇၀) ပြည့် ဘဏ်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁

၂၀၂၃ ခုနှစ် ဇွန် ၁ ရက်တွင် ကျရောက်သော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တည်ထောင်သော နှစ် (၇၀) ပြည့် ဘဏ်နှစ်ပတ်လည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ရှင်းလင်းတင်ပြခြင်း၊ ဌာနတာဝန်များကို ကျေပွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ဘဏ်ခွဲများနှင့် ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခြင်း၊ ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် တက်ရောက်လာသူ ဧည့်သည်တော်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇွန် ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Chin Dwin Shan ConstructionCo., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ကိုးစီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းများစတင်ဖွင့်လှစ်

မန္တလေး ဇွန် ၁

အဆင့်မြင့်ပညာ ဦးစီးဌာန မန္တလေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မေ ၂၃ ရက်မှ ၃၁ရက်အထိ ကျောင်းအပ်နှံခြင်းများ စတင်ခဲ့သည်။ ဇွန် ၁ ရက်မှစ၍ ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်(ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်)၊တတိယနှစ် (ဒုတိယနှစ်ဝက်)၊ စတုတ္ထနှစ်(ဒုတိယနှစ်ဝက်)၊ မဟာအရည်အချင်းစစ် (ဒုတိယနှစ်ဝက်)၊ မဟာပထမနှစ် (ဒုတိယနှစ်ဝက်)၊ မဟာဒုတိယနှစ် (ဒုတိယနှစ်ဝက်)၊ ပါရဂူ(ပထမနှစ်)၊ပါရဂူ(ဒုတိယနှစ်)၊ပါရဂူ(တတိယနှစ်)၊ ပါရဂူ(စတုတ္ထနှစ်)၊ဘွဲ့ကြို၊ ဘွဲ့လွန်တန်းများမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့တက်ရောက်သည့် ဘာသာရပ်အသီးသီးတွင် ပျော်ရွှင်စွာ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

အောင်ဇော်မင်း

ဇေယျာသီရိခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ ယနေ့စတင်ဖွင့်လှစ်သင်ကြား

နေပြည်တော် ဇွန် ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ အားလုံး ဇွန် ၁ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ် သင်ကြားနေပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် "ကျောင်းနေအရွယ် ကလေးငယ်အားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဇေယျာသီရိခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်တွင် အခြေခံပညာကျောင်း ၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း နှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း သုံးကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ ၂၂၈၇၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

အလားတူ ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ ငါးကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၄ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ၂၉ ကျောင်း အပါအဝင် အခြေခံပညာကျောင်း ၅၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ငါးကျောင်းတို့ကို ယနေ့ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ ကျောင်းသားကျောင်းသူ ၂၆၆၁၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းများအားလုံးတွင် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ သတ်မှတ်ကာ ကျောင်းအပ်နှံမှုများအား လက်ခံဆောင်ရွက်ခဲ့ပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများအား အခမဲ့ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

သီဟစည်သူ

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ရရှိသည့် ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူသူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၁

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားများနှင့် အဓမ္မပေါင်းသင်းစေပြီး ရရှိသည့်ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူသူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် နေသူ ဒေါ်မြမြဝင်းက တစ်မြို့တည်းနေသူ မ ---၊ ၂၃/၂၀၂၁ နှစ်အား တရုတ်နိုင်ငံ၌ တရုတ်ယောက်ျားယူပါက ငွေကျပ်သိန်း ၄၀ ရမည်ဟု စည်းရုံးပြောဆို၍ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်း (ပ) ၁၁/၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မင်္ဂလာဒုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၃ ရက်တွင် တရားခံ ဒေါ်မြမြဝင်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ မေ ၃၁ ရက်က ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးသန်း ထောက်ပံ့ငွေများ ပေးအပ်စဉ်။ ၁၀၉

ရိုးမားကို အနိုင်ယူပြီး ယူရိုပါလိဂ်ဖလားကို ခုနစ်ကြိမ်မြောက် ဆီဗီလာ ဆွတ်ခူး

ဇွန် ၁ ရက် နံနက် ၁ နာရီခွဲက ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်ရှိ ပွတ်ရှ်ကပ်စ် အရီနာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ် ဖိုလ်လုပွဲစဉ်တွင် လာလီဂါကလပ် ဆီဗီလာအသင်းက စီးရီးအေကလပ် ရိုးမားအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် ယူရိုပါလိဂ်ဖလားကို ခုနစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဖက်တစ်ဂိုးစီ သရေဖြစ်နေခဲ့သည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်တွင် ဆီဗီလာအသင်း ကစားသမားလေးဦး ဂိုးဝင်ခဲ့သော်လည်း ပြိုင်ဘက် ရိုးမားအသင်း ကသုံးဦးကန်ရာတွင် ခရစ္စတန်တီ တစ်ဦးသာဂိုးဝင်ခဲ့သည်။ ဆီဗီလာအသင်းသည် ယူရိုပါလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

ပြိုင်ပွဲတစ်လျှောက် ပွဲပေါင်း ၁၄၁ ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး သွင်းဂိုးပေါင်း ၃၈၁ ဂိုးရှိရာ တစ်ပွဲလျှင် ၂ ဒသမ ၇ ဂိုးနှုန်းရှိသည်။ ထို့ပြင် ပွဲကြည့်ပရိသတ်ပေါင်း ၄၀၆၇၈၇၂ ဦး ကြည့်ရှုခဲ့ပြီး တစ်ပွဲလျှင် ၂၈၈၅၀ ရှိသည်။ ပြိုင်ပွဲတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားမှာ ယူနီယံစိန့်ဂီလော့စ်အသင်းမှ ဘိုနီဖေ့စ်နှင့် မန်ယူအသင်းမှ ရက်ဖို့ဒ်တို့ဖြစ်ပြီး ခြောက်ဂိုးစီသွင်းယူထားသည်။

အောင်ဇော်

အသိပေး နှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄) ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်၊ (ကြာသပတေးနေ့)၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်၊ အင်္ဂါနေ့ ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင်လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် –

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း
(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း
(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း
(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည် –

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ်– ၀၉–၄၄၁၀၁၉၂၈၃
(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ်– ၀၉–၉၇၀၈၂၃၆၈၈

အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ

ဓမ္မသဘင် အထူးတရားပွဲများ ဖိတ်ကြားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ၏ အန္တိမ စျာပန ပူဇာသဘင် အထိမ်းအမှတ်အဖြစ် အောက်ဖော်ပြပါနေ့ရက်များတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဗန်းမော်ကျောင်းတိုက်ကြီး၌ ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

(၁) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ (၃–၆–၂၀၂၃)၊ (စနေနေ့) သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ။
(၂) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ (၄–၆–၂၀၂၃)၊ (တနင်္ဂနွေနေ့) မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ။
(၃) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ (၅–၆–၂၀၂၃)၊ (တနင်္လာနေ့) မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ။

တရားပွဲဖြစ်မြောက်ရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇွန် ၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း လျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မာရ်အောင် ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သူရိယာရာမကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ဘုန်းဘုရားကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဟာဝိဇယရာမကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျောင်းလုံသီရိနေဝ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာလယ်တီကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကင်းအနောက်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သာသနဇောတိကာရုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ သာသနာ့တက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဓမ္မသိပ္ပံပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ အသောကသီတဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဝေဠုဝန်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိတာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက ဘယ်လ်ဂျီယံနိုင်ငံသို့ ကော်ဖီများ ဒုတိယအကြိမ် တင်ပို့

တောင်ကြီး ဇွန် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက ပြည်ပပို့ကုန်အဖြစ် ကော်ဖီ Green Bean တစ်အိတ်လျှင် ၆၀ ကီလိုဂရမ်ဖြင့် ကော်ဖီတန်ချိန် ၄၀ ဒသမ ၂ တန်ကို မေ ၃၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ဘယ်လ်ဂျီယံနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး ယနေ့အချိန်ထိ ကော်ဖီတန်ချိန် စုစုပေါင်း ၈၀ ဒသမ ၄ ကို တင်ပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြောင်းမြတွင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

မြောင်းမြ ဇွန် ၁

မြောင်းမြခရိုင် မြောင်းမြမြို့ မြစိမ်းရောင်တောင်တော် သီဟရာဇာကုန်း၌ ခရိုင်သစ်တောဦးစီးဌာနမှ စီစဉ်ဆောင်ရွက်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေတို့က ပျိုးပင်များကို တက်ရောက်လာသူများထံ ပေးအပ်သည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် တက်ရောက်လာကြသူများက ကျွန်းပင် ၁၀၀၊ မဟော်ဂနီပင် ၃၀၀၊ မန်ကျည်းပင် ၆၀၀ တို့ကို စိုက်ပျိုးကြောင်း သိရသည်။

ဝေဝေ(မြောင်းမြ)

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ – ၆ – ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၈၄၀ ကျပ်	၁၈၉၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၉၂၀ ကျပ်	၁၉၇၀ ကျပ်
အောက်တိန်း ၉၂	၁၉၂၅ ကျပ်	၁၉၇၅ ကျပ်
အောက်တိန်း ၉၅	၂၀၃၅ ကျပ်	၂၀၈၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၀၀၀	၈၂၀၀	၁၇၀၆	၁၃၈၁၂၁၀၀
MTSH	၂၈၀၀	၂၉၀၀	၇၁၁၄	၁၉၉၆၆၂၀၀
MCB	၇၃၀၀	၇၃၀၀	၃၀၀	၂၁၉၀၀၀၀
FPB	၁၄၀၀	၁၄၅၀	၁၉၉၅	၂၇၉၈၅၅၀
TMH	၀	၀	၀	၀
EFR	၀	၀	၀	၀
AHP	၀	၀	၀	၀

ညီညီ – စုစည်းသည်

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၅၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် ထီပေါက်စဉ် ၂၀၂၃ ခုနှစ် ဇွန် လ (၁) ရက်နေ့

အခမဲ့ထုတ်ဝေသည်

အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

စ - ၁၀၅၀၇၆

ကံထူးရှင်(၁)ဦး

အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဂ - ၉၁၅၄၉၂

ကံထူးရှင်(၁)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဃ - ၂၁၆၅၆၄ က - ၉၇၁၂၄၇

စ - ၈၇၃၅၁၉

ကံထူးရှင်(၃)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

က - ၂၈၃၃၃၀ က - ၆၅၉၁၈၈

ဆ - ၅၁၈၆၆၄ က - ၇၅၈၂၆၆

ကံထူးရှင်(၄)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

က - ၂၈၇၈၃၇ ဃ - ၃၈၆၅၅၂ ဃ - ၈၂၇၀၀၃

က - ၃၁၉၃၁၇ ဆ - ၃၉၉၈၅၅ င - ၈၄၁၉၅၇

ဂ - ၃၄၃၈၂၇ ခ - ၅၈၃၁၆၂

ကံထူးရှင်(၈)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဆ - ၁၃၂၀၂၈ က - ၅၉၀၉၃၁

ဃ - ၁၈၁၅၀၆ က - ၆၀၃၅၈၄

က - ၂၆၇၉၀၉ င - ၆၇၃၈၄၆

က - ၂၉၂၅၈၄ ခ - ၈၂၃၆၈၉

ကံထူးရှင်(၈)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

က- ၂၄၁၂၂၃ ဃ- ၄၈၂၇၈၁ ဂ - ၈၇၆၃၇၇

စ - ၂၄၂၈၅၀ စ - ၇၁၅၁၁၈ ဆ- ၉၄၁၅၉၀

င - ၂၆၁၇၄၃ က- ၇၁၆၁၆၂ ခ - ၉၆၂၉၅၂

င - ၄၄၈၃၇၉ င - ၈၁၃၀၉၈

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀)ဆု(၁)ဆု

ဃ - ၈၀၃၆၅၁

ကံထူးရှင်(၁၂)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

င - ၄၀၇၇၃၅ စ - ၆၅၇၈၆၆

စ - ၄၁၀၄၈၈ က- ၆၈၆၅၇၆

က- ၄၁၄၃၃၈ ဃ- ၆၈၈၈၈၁

စ - ၄၄၉၃၂၅ ဃ- ၈၅၇၁၀၁

စ - ၄၈၀၉၄၄ စ - ၉၃၉၂၀၃

ခ - ၅၁၄၇၀၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်(၁၀)သိန်းဆု (၁)ဆု

စ - ၇၃၉၈၁၃

ကံထူးရှင်(၁၂)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ဃ - ၁၈၂၅၅

စ - ၄၈၃၁၁

ဃ - ၈၈၀၅၃

အကွရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဂ - ၂၃၉၀

ဃ - ၇၈၄၇

စ - ၉၄၅၄

အကွရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်

ဂ - ၂၄၃ င - ၇၄၁

က - ၂၅၇ ဆ - ၈၃၉

ဃ - ၄၇၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆုများ (၃)ယူနစ်

စ - ၄၆၁ စ - ၄၇၆ ခ - ၇၂၇

အကွရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၇၆၄၃)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၂)ယူနစ်

ခ - ၄၆ က - ၈၀

အကွရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၁၇၀၅၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၁)ယူနစ်

စ - ၉

အကွရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၈၈၀၅၅)ဦး

ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

စ - ၁၄၆၁၉၀ ခ - ၁၉၈၆၉၃ က - ၃၂၇၀၅၄ င - ၇၇၁၅၆၁

ကံထူးရှင်(၄)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၆)ယူနစ်

စ - ၂၂၇၀၄ ဃ - ၄၅၈၀၁ ဃ - ၅၇၇၆၅

ဃ - ၂၉၂၉၈ င - ၅၂၃၄၅ င - ၉၁၁၇၇

အကွရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၆၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁)ယူနစ်

ဃ - ၄၀၆၄

အကွရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁)ယူနစ်

စ - ၇၀၆

အကွရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

၁။ ၂၀၂၃ ခုနှစ်၊ ဇွန် လ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၅၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အတွက် ဆုမဲ (၁၁၄၂၉၁)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၁၄၂၉၁)ဦး ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဇူလိုင် လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (စ) အက္ခရာထိ အက္ခရာ (၆)လုံး ဖြစ်ပါသည်။

၃။ (၅၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများ အား ထီဆုငွေ ထုတ်ပေးခြင်းကို (၂-၆-၂၀၂၃) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၂-၆-၂၀၂၃) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)

ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်

၂၀၂၃ ခုနှစ်၊ တရားမကြီးမှု အမှတ်-၃၉

ဦးကျိန်တဲ့ဖူး (တရားလို) နှင့် ဦးမောင်ကြည် (တရားပြိုင်)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်နေ ဦးမောင်ကြည်(ဘ)ထွန်းတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျိန်တဲ့ဖူးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ခ၈-၂၃)၊ ဦးပိုင်အမှတ် (၁၁)၊ ဧရိယာ ဝ ဒသမ ဝ၆၂ ဧကရှိ ဦးမောင်ကြည် အမည်ပေါက် ဂရန်မြေကွက်အား ကတိပဋိညာဉ်စာချုပ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက် (၁၃၈၅ ခုနှစ်၊ နယုန် လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများ နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ဇင်ထွန်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၄)၊ ဦးပိုင်အမှတ်(၂၇)၊ ၅၆x၅၇ လမ်းကြား၊ အောင်ဆန်းနှင့် ငကြွဲလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူဦးအောင်သိန်း EMLY-၂၅၇၉၆၉၊ ၉/မရမ(နိုင်)၀၀၆၉၄၈ ၏ (SP ရသူ ဒေါ်စန္ဒာထွေး) က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့ တင်ပြနိုင်ခြင်း မရှိကြောင်း တင်ပြစာ၊ တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၀၈၀/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၁၄)ဟု ခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/က)၊ မြေကွက်အမှတ် (၇/ဋ္ဌ ၁၄က၂)အကျယ်အဝန်း (၂၅x၆၄)ပေ ဧရိယာ ၀.၀၄၅ဧကရှိ မြေပိုင်မြေဟုခေါ်တွင်သည့် လန/၃၉ ရပြီးသည့်မြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်စိန်တင် ၁၂/လမန(နိုင်)၀၀၉၆၇၅က လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့်ရလျက်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ လက်ရောက်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူသည့်အတွက် ရောင်းငွေတန်ဖိုး စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ တရားဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပပခင်
တရားလွှတ်တော်ရှေ့နေ (၇၂၀၄/၂၀၀၄)
အမှတ် (၅၆)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၅၈၃၉၆၂၁

အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ် (၁၄)နေ (က) ဦးကျော်သူရ ၁၀/မလမ(နိုင်)၁၄၉၄၆၇သည် မြေတိုင်းရပ်ကွက် (၁၀၇)၊ မြေကွက်အမှတ် (၁၄/က)၊ အကျယ်အဝန်းပေ (၂၀x၆၀)၊ နှစ် ၆၀ ဂရန်အမည်ပေါက်ကို ဦးတင်ဝင်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အအုံကိုလည်းကောင်း၊ (ခ) ဒေါ်သိုညိုမှာ (S/DGNMTT/042043)သည် အကျယ်အဝန်း ပေ (၂၀x၆၀) ပါမစ်မြေအမျိုးအစားကို အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော မြေကွက်နှင့် (၂)ထပ် အဆောက်အအုံကိုလည်းကောင်း၊ အထက်ပါနှစ်ဦးမှ ရောင်းချရန် ကမ်းလှမ်းခဲ့ရာတွင် ဦးမောင်မောင်လှ ၁၂/မဂတ(နိုင်)၁၁၄၉၇၃သည် ဝယ်ယူရန်သဘောတူညီပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသောကြောင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ ရှိလာခဲ့ပါက ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်အေး
အထက်တန်းရှေ့နေ (စဉ်-၁၉၁၂၁) (၃၀-၆-၂၀၁၄)
အမှတ် (၂၂၄၈/ခ)၊ ဇေယျာဝတီ (၇)လမ်း၊ (၁၂)ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၃၀၇၃၃၁၈

အမည်ပြောင်း ဦးကျော်မင်းဌေး၏သမီး ပျဉ်းမနားမြို့၊ အလက(ခွဲ) ပေါင်းလောင်း ဒုတိယတန်းမှ မပြုံးသဉ္ဇာလွင်အား ယနေ့မှစ၍ မရှင်မိုးပြည့်ဟု ပြောင်းလဲခေါ်ပါရန်။ မရှင်မိုးပြည့်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သဲကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘုရားကြီးလမ်း၊ အိမ်အမှတ် (၂၆၉)နေ ဦးလှကျော်၁၂/သဃက (နိုင်)၀၆၃၃၁၇ ၏သား ကျော်သီဟ(ခ)မော်စီ ၁၂/သဃက(နိုင်)၀၂၇၈၁၇ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း၊၎င်းနှင့်ပတ်သတ်သည့်ကိစ္စများအား တာဝန်မယူပါကြောင်း။

ဦးလှကျော်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်5C/8483 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ဦးအောင်မြင့်၊ အမျိုးသားမှတ်ပုံတင်အမှတ် MNN-၀၅၅၅၁၀ သိရှိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အိမ်အမှတ်CR (100/ဘီ)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဂျာနန် ၁/မကန(နိုင်)၀၈၈၃၆၄၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်မြင့် အမျိုးသားမှတ်ပုံတင်အမှတ် MNN-၀၅၅၅၁၀ သိရှိစေရန် ကြေညာအပ်သည်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအကွက်အမှတ် ၁၂/၂က၊ စီတာပူတောင်၊ ဦးပိုင်အမှတ်၃၊ မြေချိန်ဧရိယာ ၁၈၃ကေရှိ မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို မူလဂရန်အမည်ပေါက်သူ ဦးအောင်မြင့် MNN-၀၅၅၅၁၀ထံမှ ဒေါ်ခဘောင်းဆိုင်းဘူကလည်းကောင်း၊ ဒေါ်ခဘောင်းဆိုင်းဘူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ဂျာနန်မှ အထက်ဖော်ပြပါမြေကွက်၏ ဧရိယာ ၀ ဒသမ ၀၈၇ကေကို အဆင့်ဆင့်လွှဲပြောင်းဝယ်ယူပြီး လက်ရောက်ရရှိအကျိုးခံစားလာခဲ့ပါသည်။ ယခုအခါကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ဂျာနန်က၎င်းဝယ်ယူထားသည့်အိမ်ခြံမြေကွက်ကိုအရောင်းအဝယ်အထမြောက်စေရန် မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုသည့် အတွက်အထက်အမည်ပါ ရောင်းချသူ ဦးအောင်မြင့်အနေဖြင့် ဒေါ်ဂျာနန်ထံသို့ဖြစ်စေ (သို့) ကျွန်ုပ်တို့ထံသို့ ဖြစ်စေ ဤကြေညာစာပါသည့်ရက်ကစ၍ ခုနှစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ဂျာနန်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝေလင်းအောင်(LL.B)	ဒေါ်လုမိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၀၅၉၃/၃၀-၄-၂၀၁၅)	(စဉ်-၅၁၂၈၈/၂၈-၆-၂၀၁၉)
အမှတ်(၁/၆၈)၊ ကြက်ပေါင်ခြံ ရပ်ကွက်၊ မြစ်ကြီးနားမြို့၊	အမှတ်(၃/၄၉(အီး) မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
ဖုန်း-၀၉-၄၀၀၀၂၆၄၃၇	ဖုန်း-၀၉-၇၉၂၅၉၃၅၉၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1787, GP MPV (GP.MPV-03), M/B (4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်း ၁၂/ကမတ(နိုင်)၀၀၁၉၄၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူဝင်း ၁၃/လရန(နိုင်)၁၆၅၁၈၈ သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၈၆)၊ မြေယာ အမှတ်(86)၊ ဧရိယာ ဝ ဒသမ ဝ၄၆ ဧကရှိ မြေကွက်အား ဒေါ်စန်းစန်းတင့်မှ အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပါသည်။ အမွေဆက်ခံသူ ဒေါ်စန်းစန်းတင့်မှတစ်ဆင့် ဆက်စပ်စာချုပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းထွန်းအောင် ၁၂/လမတ(နိုင်)၀၀၀၀၆၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါအိမ်ခြံမြေအား အရောင်းအဝယ်စာချုပ်ပြုလုပ်ရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်စာချုပ် ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများနှင့် ကျွန်ုပ်တို့ထံသို့ ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုမွန်အောင် (LL.B)	ဒေါ်ဥမ္မာဦး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၂၀)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၅)
ရုံးပေါင်းစုံဝင်း၊ ပြင်ဦးလွင်မြို့၊	ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၄၀၁၈၁၆၄၉	ဖုန်း-၀၉-၇၈၈၂၅၀၈၁၆

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် (RA-IV/ကွက်ပြင်-၄) ဦးပိုင်အမှတ် (၃၃/၇၀) မြေယာအမှတ်(၂၂၀/၃၉၉)၊ ဧရိယာ ဝ ဒသမ ဝ၄၇ ဧကရှိ ဒေါ်ညွှန့်မေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၂၇/၂၀၂၂ဖြင့် အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ခိုင် (ဘ) ဦးချစ်ခင် ၁/ရကန(နိုင်)၀၃၂၀၅၈မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးစိုးယုနောင် (ဘ) ဦးခင်မောင်အေး ၉/မကန(နိုင်)၀၈၈၅၈၈ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဟန်ဆွေဇင် (LL.B, D.B.L,D.I,L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၇၀)
တိုက်အမှတ်(E-3)၊ လမ်း-၇၀၊ လမ်း ၃၀နှင့် ၃၁လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၅၁၉၅၄

ဦးသန်းဝင်း ၁၂/ကမရ(နိုင်) ၀၃၇၆၃၆၊ ဒေါ်မေမေခင် ၁၂/ကမရ(နိုင်) ၀၃၇၉၆၇တို့နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိမြတ်မွန် ၁၂/ကမရ(နိုင်) ၀၁၀၆၇၉ကိုင်ဆောင်ပြီး အမှတ်(၆၇၆)၊ တပင်ရွှေထီးလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်များအရ ဦးသန်းဝင်း ၁၂/ကမရ(နိုင်) ၀၃၇၆၃၆၊ ဒေါ်မေမေခင် ၁၂/ကမရ(နိုင်) ၀၃၇၉၆၇ တို့နှင့် အများသိစေရန် ကြေညာခြင်းကို ကြော်ငြာအပ်ပါသည်။

ဒေါ်အိမြတ်မွန် ၁၂/ကမရ(နိုင်) ၀၁၀၆၇၉ကိုင်ဆောင်ပြီး အမှတ်(၆၇၆)၊ တပင်ရွှေထီးလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူသည် ဖခင်ဦးသန်းဝင်း၊ မိခင် ဒေါ်မေမေခင်တို့၏ သမီးအရင်းတော်စပ်ပါသည်။ ထို့ကြောင့် အထက်ပါ နေ့ရပ်လိပ်စာ၏ (၄၀ပေ x ၆၀ပေ)မြေကွက်ပေါ်၌ ကန်ထရိုက်တိုက် ၂ထပ်ခွဲ(ဒါဘာအပါအဝင်)ကို မိမိတို့ပိုင်ငွေကြေးများဖြင့် တိုက်အိမ်ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာအား အခကြေးငွေဖြင့် ဆောက်လုပ်ပေးရန် လုပ်ငန်းအပ်နှံခဲ့ရာတွင် အဆိုပါတိုက်အိမ်ဆောက်လုပ်သည့် ကုန်ကျစရိတ်ငွေအားလုံးတို့၌ သမီးဖြစ်သူ ဒေါ်အိမြတ်မွန်၏ ငွေကြေး(တစ်ဝက်)ထည့်သွင်းပါဝင်၍ ဆောက်လုပ်ခဲ့ပါသည်။ ယခုအခါ အထက်ဖော်ပြပါ လိပ်စာရှိတိုက်အိမ်အား ဖခင်ဦးသန်းဝင်း၊ မိခင် ဒေါ်မေမေခင်တို့က အခြားသူတို့အား ရောင်းချရန်ပြင်ဆင်နေကြောင်း၊ အခြားသူများကလည်း ယင်းတိုက်အိမ်ကို ဝယ်ယူရန်အတွက် ဖခင်ဦးသန်းဝင်းနှင့် မိခင် ဒေါ်မေမေခင်တို့ထံ စကားကမ်းလှမ်းခြင်းများ ရှိနေသည်ဟု ဒေါ်အိမြတ်မွန်ထံ သတင်းများကြားသိနေရပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်အိမ်အား ဖခင် ဦးသန်းဝင်းနှင့် မိခင်ဒေါ်မေမေခင်တို့အပါအဝင် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်အိမ်အရောင်းအဝယ်ပြုလုပ်ကြမည်ဆိုပါက သမီးဖြစ်သူ ဒေါ်အိမြတ်မွန်၏ စိုက်ထုတ်ငွေကြေးများလည်း ထည့်ဝင်ပါဝင်ခဲ့ပြီးဖြစ်ပါသောကြောင့် ဒေါ်အိမြတ်မွန်၏ရှေ့မှောက်တွင် ရောင်းသူဝယ်သူတို့ မျက်နှာစုံညီ တွေ့ဆုံရှင်းလင်းပြောကြားကြပြီး အဆိုပါတိုက်အိမ်အား လွှဲပြောင်းရောင်းချအရောင်းအဝယ်ပြုလုပ်သည့်စာချုပ်ပြုလုပ်ပေးကြပါရန်နှင့် ယင်းတိုက်အိမ်ဝယ်ယူကြမည့်သူများတွင် နစ်နာမှုများမရှိစေရန်အတွက် အများသိစေရန် လွှဲအပ်ညွှန်ကြားချက်များအရ ဤ ကြော်ငြာဖြင့် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်များအရ-	
ဒေါ်အိမြတ်မွန်	ဦးစိုးဝင်းအောင်	ဒေါ်ပန်းအိစံ
	LL.B,CBL,DBL	LL.B
	WIPO(Switzerland)	WIPO(Switzerland)
	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
	(စဉ်-၄၇၂၇)	(စဉ်-၅၀၄၃၅)

ဒေါ်မြမော်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၂၁၂၉)
အမှတ်(၁၀၇၀)၊ ကမ္ဘောဇ(၃)လမ်း၊ (၁၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၃၁၂၁၂၀၆၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1967, Toyota Hilux Surf RZN 215, Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၁၂/မရက(နိုင်)၀၂၄၉၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/7085, Suzuki Ertiga S/W(4x2)L ယာဉ်အမည်ပေါက်သူ ဒေါ်အေးစုစုဝေ ၁၂/မဘန(နိုင်)၁၀၇၁၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/8273, Nissan Diesel, Truck(6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီ ၁၂/ကတတ(နိုင်) ၀၂၅၉၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွှာသာကြီး)၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ Mobile Monitoring Station (MMS) အတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူခြင်း(1-Lot) အဖြစ် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့** - ၂ - ၆ - ၂၀၂၃(သောကြာနေ့)

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်နေ့** - ၃၀ - ၆ - ၂၀၂၃ (သောကြာနေ့)

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပစ္စည်းဌာနစု၊ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊နေပြည်တော်

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ရုံးအမှတ်(၂)၊ နေပြည်တော်

၆။ **တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန်** - ၄ - ၇ - ၂၀၂၃ (အင်္ဂါနေ့) နံနက် (၁၀ : ၃၀) နာရီ

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းနံပါတ် ၀၆၇- ၃၄၀၇၀၅၁ ၊ ၀၆၇- ၃၄၀၇၇၈၆ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရုံးအမှတ်(၂) ၊ နေပြည်တော်

ပြည်ထဲရေးဝန်ကြီးဌာန
(မီးသတ်ဦးစီးဌာန)
မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်မီးသတ် ဦးစီးမှူးရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ဝန်ထမ်းနေအိမ် (၁၅၀x၄၀x၂၂)ပေ (၆)ခန်းတွဲ(၂)ထပ်(ရေသန့်၊ လျှပ်စစ်)ပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းလျှောက်လွှာများ ခေါ်ယူပါသည်။

၂။ တင်ဒါလျှောက်လွှာများကို ပြည်နယ်မီးသတ်ဦးစီးမှူးရုံးတည်ရှိရာ အရှေ့တပ် မြေလမ်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့တွင် အောက်ပါအစီအစဉ်အတိုင်း လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၆-၆-၂၀၂၃ရက်မှ ၁၉-၆-၂၀၂၃ရက်အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၉-၆-၂၀၂၃ရက် (ရုံးချိန်အတွင်း) နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်၊ ဖုန်း-၀၅၇-၂၀၂၁၄၉၅၊ ၀၅၇-၂၀၂၇၂၄၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော ဆေးဝါးများ၊ ခွဲစိတ်ခွဲခန်းနှင့် ခွဲစိတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Basic Consumable များ (FDA အသိအမှတ်ပြု) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၅-၆-၂၀၂၃ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၆-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီ

၃။ **စုံစမ်းရန်-** ဆေးရုံအုပ်ကြီးရုံးခန်း(ဘဏ္ဍာရေးဌာန)၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

တင်ဒါကော်မတီ
အရိုးရောဂါအထူးကုဆေးရုံကြီး
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

ပျောက်ဆုံးကြောင်း

သရက်မြို့၊ ပြရေကျေးရွာနေ မရင်ရင်ဌေး(ဘ)ဦးမြင့်တင် ၈/သရန(နိုင်)၁၀၈၈၈၇၏ နိုင်ငံကူးလက်မှတ် အမှတ်MC-187377မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၆၉၀၆၂၇

ပျောက်ဆုံးကြောင်း

တောင်တွင်းကြီးမြို့၊ အင်တောသာကျေးရွာနေ မခိုင်ခိုင်စိုး(ဘ)ဦးစိုးစိုး ၈/တတက(နိုင်)၂၄၅၈၂၄၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-763512)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၀၃၆၉၃၆၄

ရောင်းမည်

လူကြီးမင်းတို့လုပ်ငန်းများတွင် အမှန်တကယ် လိုအပ်သော လျှပ်စစ်မီးအား အနိမ့်အမြင့်နှင့် ပတ်သက်၍ လျှပ်စစ်ဓိုအား ထိန်းညှိပေးသည့် စက်အား ဈေးနှုန်းသက်သာစွာ ရောင်းချပေးပါမည်။
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉၅၄၀၇၅၉၇

Type : DAVR.9003
Power : 90KVA
Input : 233-423 VAC
Output : 380 VAC ± %2
Frequence : 50Hz

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ် (ဥ-၅၂၅၁)၊ အလျား ၁၀၄ပေXအနံ ၁၀၁.၅ပေ၊ ဧရိယာ ၀.၂၄၂ဧကရှိ နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာစီနှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုသူ ဒေါ်ခင်ခင်ထွေး(ဘ) ဦးအိတုံ(ခ)လင်ရက်တုံ ၃/ဘအန(နိုင်)၁၆၁၄၈၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသဇင်ချစ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)
အမှတ် (၂၆၆၁)၊ ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊
နေပြည်တော်၊ ဖုန်း-၀၉-၄၃၁၁၂၂၄၀၊ ၀၉-၆၉၇၈၁၆၆၀၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ် (၂၆၉၁)၊ အလျား x အနံ(၆၀x၆၀)ပေ ကျယ်ဝန်းသော မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ (၂၄-၃-၂၀၁၁)ရက်စွဲပါ စာအမှတ် ၄၂၅/၁၈-၁/နပတ(မြေယာ)ဒေါ်ခင်မြတ်စုလှိုင် (ဘ) ဦးမြတ်မောင် (၅/မရန(နိုင်)၁၃၅၇၃၁) အမည်ဖြင့် ချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု သူဒေါ်မြင့်မြင့်နိုင် (ဘ)ဦးကြင်စိန် (၁၂/မရက(နိုင်)၀၀၂၂၆၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာမှတ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်သန်းသန်းဌေး(LL.B) **ဒေါ်ဟန်နီချစ်စု(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၆၇) **အထက်တန်းရှေ့နေ(စဉ်-၄၇၉၄၆)**
အမှတ်(၁၅/၃၃၉)၊ မေတ္တာလမ်း၊ ပေါင်းလောင်း(၂)ရပ်၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၄၂၀၇၃၈၈၀၃၊ ၀၉-၄၃၀၄၇၀၆၆

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး (၂)၊ ဥဿာမြို့သစ်၊ ဘုရင့်နောင်လမ်းသွယ်၊ အမှတ် (၃၅၄)တွင် တည်ရှိသော ရွှေစည်းစိမ်မိုတယ်အပါအဝင် ခြံမြေကွက်အမှတ် (၃၅၁)၊ (၃၅၂)၊ (၃၅၄)၊ (၃၅၅)၊ (၃၅၈) စုစုပေါင်းခြံမြေ (၅) ကွက်နှင့် မြေကွက်များအပေါ်ရှိ ရွှေစည်းစိမ်မိုတယ်အပါအဝင် ဆက်စပ်လျက်ရှိသောပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူသူ ဦးဆန်းလွင်-ဒေါ်ဝင်းဝင်းရီမှ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်မော်ထံမှ ဝယ်ယူပြီးဖြစ်ပါသည်။ ယခုအခါ ရွှေစည်းစိမ်မိုတယ်ပိုင်ရှင်အမည်ကို ဦးဆန်းလွင်-ဒေါ်ဝင်းဝင်းရီအမည်သို့လည်းကောင်း၊ ရွှေစည်းစိမ်မိုတယ်အမည် အား Hotel Mariner 2 သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဝယ်ယူသူ
ဦးဆန်းလွင်-ဒေါ်ဝင်းဝင်းရီ
အမှတ် (၃၃၀)၊ ရွှေမော်ဓောဘုရားလမ်း၊ ပဲခူးမြို့

ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက (၃) G-9 မှ မနွေးနွေး G-6 မှ မအိသဉ္ဇာ နှင့် G-3 မှ မောင်သူရဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းထွေး ၉/သစန(နိုင်)၁၆၁၀၄၀ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်နေ ဦးသိန်းထွန်း-ဒေါ်သန်းသန်းဆင့်တို့၏သမီး၊ သရက်ချောင်းမြို့နယ်၊ အထက(ကျွဲဇပ်) Grade-2မှ မဝတ်မှုံဦးအား ယနေ့မှစ၍ မယဉ်ယဉ်သိမ့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မယဉ်ယဉ်သိမ့်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1Q/9201, Toyota Harrier ACU30 ယာဉ်လက်ဝယ်ရှိသူ ဦးနေဇော်အောင် ၉/ပမန(နိုင်) ၀၄၅၆၁၁က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
နေပြည်တော်ရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၃၁၉၈, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၆/ရဖန(နိုင်)၀၂၀၃၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ဖခင်အမည်မှန်

စစ်ကိုင်း တိုင်းဒေသကြီး၊ ကလေးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ်(၃၇၄/၁၈)၊ Grade-8မှ မောင်ကျုံးဇမှုန်၏ ဖခင်အမည်မှန်မှာ ဦးထန်လီ ၅/ကလထ(နိုင်)၁၂၃၈၇၃ ဖြစ်ပါကြောင်း။

ဦးထန်လီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/5586 Aung Soe Tin L/T(1)Ton, Pick Up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ထွေး ၉/ညဥန(နိုင်)၀၀၃၄၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊
အင်းစိန်

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ်(၄၆ᵉ)၊ ဧရိယာ(၀ဒသမ ၃၃၂)ဧကရှိ ဦးလှအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စန္ဒာထွန်း (ဘီလစ်)မှ ပျဉ်းမနား ခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ် (၄၂၂/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်အမှတ်(၄၆ᵉ)၊ ဧရိယာ(၀ ဒသမ ၃၃၂) ကေအနက် ဧရိယာ(၀ဒသမ ၀၅၅)ကေအား ဒေါ်သဉ္ဇာမော် ၉/ပမန(နိုင်)၁၃၄၅၁၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

အမည်ပြောင်း

ဦးစိုင်းအင်မိန်း ၁၃/နခန (နိုင်) ၀၆၄၇၇၀၏သား နမ့်ခမ်းမြို့၊ Crystal ကိုယ်ပိုင်မူလတန်းကျောင်း Grade-4မှ စိုင်းနွမ်ဆိုင်လှိုင်အား စိုင်းရဲမြတ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

စိုင်းရဲမြတ်ဦး

ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက (ခွဲ) လွစင် Grade-9 မှ မောင်သော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းထွဋ် ၇/အဖန(နိုင်) ၀၆၃၁၀၉ ဖြစ်ပါကြောင်း။

ဦးအေးမင်းထွဋ်

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၅-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄) မုံရွာခရိုင် တရားရုံး ၂၀၂၃ခုနှစ် တရားမအထွေထွေမှုအမှတ် - ၃၊ ကြော်ငြာစာ ကြော်ငြာတွင်
(သန်းသန်းဆင့်)
ခရိုင်တရားသူကြီး
မုံရွာတရားရုံး အစား
(သန်းသန်းဆင့်)
ခရိုင်တရားသူကြီး
မုံရွာခရိုင်တရားရုံး
ဟု ပြင်ဆင်ဖတ်ရှုပါရန်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ် (ဥ-၆၂၁၇)၊ ဧရိယာ ၀.၁၄၆ ဧကရှိ မြေကွက်အား ဒေါ်မာမာမော် (ဘ)ဦးသိန်း (၉/မခန(နိုင်)၁၅၃၀၅၈) အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ နှစ် ၃၀ မြေငှားစာချုပ် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အမှတ် (ဥ-၆၂၁၇)အား အမည်ပေါက်ပိုင်ရှင် ဒေါ်မာမာမော်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ၁-၆-၂၀၂၃ ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမဉ္ဇူ (စဉ်-၁၇၁၉၈/၂၀၂၁) တရားလွှတ်တော်ရှေ့နေ
အမှတ် (၆၃၇၈)၊ မြတ်လေး (၃)လမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊
နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၇၅၅၇၉

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွာကောက်)၊ ဦးပိုင်အမှတ်(၇ᵏ)၊ ဧရိယာ(၀ဒသမ၀၈၇)ကေရှိ ဒေါ်လွင်မာဝင်း ၁၂/လမတ(ပြု)၀၀၀၂၉၇(ပါ-၅ဦး) (ဒေါ်လွင်မာဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးမောင်မောင်သန့်၊ ဒေါ်ရတနာစုလှိုင်ကြူ၊ ဒေါ်စုစုမွန်) အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်လွင်မာဝင်း(ပါ)၄-ဦးတို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲသတ်မှတ်ပေးခြင်းစာအမှတ်၊ ၀၆၁/၁၈-၁/နပတ(မြို့/မြေ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၀၂၀/၂၀၂၃)၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၂/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်စုစုမွန် ၉/ပမန(ပြု)၀၀၀၀၈၈နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြောင်းလဲခေါ်ဆိုပါရန်

မိုးညှင်းမြို့နယ်၊ အထက (ဘီလူး) Grade-4မှ ဦးဇော်မျိုးထွန်း၏သမီး မခိုင်ရွှေစင်ထွန်းအား မရွှေစင်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မရွှေစင်ထွန်း

ပြောင်းလဲခေါ်ဆိုပါရန်

